မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက် ၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၉၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မုန်တိုင်းသင့်ခဲ့သော ဒေသများ၏အခြေအနေသည် များစွာတိုးတက်လျက်ရှိနေပြီ

အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီစောင့်ရှောက်ရေး နိုင်နင်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

မိမိတို့၏ ရည်မှန်းချက်မှာ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများ မုန်တိုင်းမတိုက်မီ အခြေအနေထက်ပို၍ ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်ဖြစ်

ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နိုင်ငံတော်စီမံကိန်းတစ်ရပ်ဖြစ်၍ စနစ်တကျလုပ်ကိုင် ဆောင်ရွက်သွားရန်လိုအပ်

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုအားပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ဖျာပုံမြို့သို့ ရောက်ရှိသည်။

ကြိုဆို

ဖျာပုံမြို့သို့ရောက်ရှိလာသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

စိုက်ပျိုးရေးသုံး ပံ့ပိုးသည့် အထောက်အကူပြု ပစ္စည်းများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် စိုက်ပျိုးရေးသုံး ပံ့ပိုးသည့် အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်)

နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းရေး အမွေခံပတ်ဝန်းကျင်ကောင်းများ လက်ဆင့်ကမ်း

ပညာရေးကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်သစ်တည်ဆောက်လျက်ရှိသည့် မျက်မှောက်ကာလ၌ ဆရာ ဆရာမများ၏ အရည်အသွေး ထက်မြက်မြင့်မားမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ရေရှည်ထိန်းသိမ်းသွားမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် အထောက်အကူပြုလျက် ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် မော်တော်ကားလမ်း၊ ရထားလမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများကို ကွန်ရက်ပမာ လက်ယှက်ထိုးတည်ဆောက်ပေးခဲ့ပြီး ဒေသတိုင်း၌ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအခွင့်အလမ်းများ၊ ပတ်ဝန်းကျင်ကောင်းများ ကြိုးပမ်းဖော်ဆောင်ခဲ့သည်။

ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေးအတွက် အခြေခံပညာကျောင်းမှ တက္ကသိုလ်အဆင့်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများနှင့် စာသင်ခန်းများ ထူထောင်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

မျက်မှောက်ကာလ ၂၁ရာစု လူမှုစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး စဉ်ဆက်မပြတ် ပေါ်ပေါက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် ပြောင်းလဲနေသည့် ပညာရေးသဘောတရားများ၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုပညာရပ်များ၊ သတင်းဆက်သွယ်မှုနည်းပညာ၊ နိုင်ငံတကာသုံး ဘာသာစကားများကို ထိတွေ့ကျွမ်းကျင်နေရန် အစဉ်လေ့လာဆည်းပူးနေရမည် ဖြစ်သည်။

ယင်းသို့ အစဉ်လေ့လာဆည်းပူးမှ မျိုးဆက်သစ်လူငယ်များအား ၂၁ရာစုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသည့် အမျိုးသားအင်အားစုများအဖြစ် ပြုစုပျိုးထောင်နိုင်မည် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအား ပညာပြည့်ဝနှလုံးလှသည့် နိုင်ငံ့သားကောင်း လူရည်မွန်များအဖြစ် တိုးတက်မြင့်မားလာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ လူငယ်လူရွယ်အတွင်း ပြန့်ပွားစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ အမွေခံပတ်ဝန်းကျင်ကောင်းများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း လွှဲပြောင်းနိုင်ရေးတို့ကို ဝိုင်းဝန်းစည်းရုံး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွံတေး အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

တွံတေး အထကတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် တွံတေးအထက ယဇနခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဒေါ်သင်းသင်း ဖုန်း-၀၁-၅၆၅၈၈၊ ဒေါက်တာသိန်းဇော်မြင့် ဖုန်း-၀၄၅-၉၀၀၀၉၊ ဦးဘမြင့် ဖုန်း-၀၄၅-၅၀၁၈၇၊ ဦးစိုးစိုးဦး(မြို့နယ်ပညာရေးမှူးရုံး) ဖုန်း-၀၄၅-၅၀၄၄၇၊ ဦးထွန်းဝေ ဖုန်း-၀၄၅-၅၀၁၉၅ နှင့် ဦးမင်းနိုင် ဖုန်း-၀၄၅-၅၀၀၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၂၉-၁၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၀၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၁၅ ၉။ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင်
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၉)

စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အတွင်းရှိ လမ်းတံတားများ

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒီဇင်ဘာ၂၂ရက်က ရွှေဘို-မြစ်ကြီးနားလမ်း ကျေးပင်အက်ဆည်ရှောင်ကွင်းလမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဇော်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တံတားကြံ့ခိုင်မှု

ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ၂၃ရက်တွင် ရွှေဘို-မြစ်ကြီးနားလမ်းရှိ သဲဖြူချောင်းတံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရွှေဘို-မြစ်ကြီးနားလမ်း ကချင်ပြည်နယ် နယ်စပ်ရှိ လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာ့အားမာန် စာကြည့်တိုက် သုံးခွမြို့နယ်၌ ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်နီကျေးရွာ ပညာ့အားမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် စာဖတ်ဝိုင်း ကျင်းပရာ ညောင်နီကျေးရွာမှ မဇင်မော်လွင်၊ မစိမ့်ဟန်နီထွန်းနှင့် မဟေမာန်စိုးအောင်တို့က ဖတ်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေက ပြန်လည်သုံးသပ်ဆွေးနွေးကာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုလွှာချီးမြှင့်

ယင်းနောက် စာကြည့်တိုက် ကော်မတီဝင်များစုပေါင်း၍ စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်ခုနစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်မျိုးစုံ ၂၂၅အုပ်၊ မြို့နယ်စည်ပင်မှ မဂ္ဂဇင်းစာအုပ် ၅၀၊ တေးသံရှင် ညိုမြလေး-ဒေါ်ဝင်းဝင်းကြည်မိသားစုက စာအုပ်မျိုးစုံ၇၅အုပ်၊ ကျေးရွာနေပြည်သူများက စာအုပ်မျိုးစုံ ၁၃၇အုပ် လှူဒါန်းကြပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က အလှူရှင်များကိုယ်စား စာကြည့်တိုက်မှူး ဦးတင်ကိုကိုဝင်းအား ဂုဏ်ပြုလွှာ ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ကြံ့ရဆုံရ ဤဘဝ** တရားတော် (ဆရာတော် အရှင်သုမနာစာရ)
၈:၀၀-၂:၀၀	Soccer Update
၈:၁၅-၂:၁၅	မျိုးသန့်စိုက်ပျိုး အထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၈:၄၀-၂:၄၀	နိုင်ငံတကာအနုပညာရေးရာ
၉:၀၅-၃:၀၅	သဘာဝကပေးသော လက်ဆောင်များ
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Man and the Elephant (အပိုင်း-၁)
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ဂီတပညာဌာနအကြောင်း သိကောင်းစရာ)
၁၀:၁၀-၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	ရွှေဖြူ၏ အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀	Yangon Panorama (Casabella Luxury Home Furnishing Centre)
၁၁:၀၀-၅:၀၀	ကိုမောင်မြင့်တို့ ပျော်နေပုံများ
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	Biz Net
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ဝက်မွေးမြူရေး)
၁၁:၅၅-၅:၅၅	Activities in the City (အနန္တမေတ္တာမြတ်ဆရာနှင့် အာရှရေကြောင်း ပညာတက္ကသိုလ်)
၁၂:၂၀-၆:၂၀	ပြည်သူများ သိသင့်သော ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်သိက္ခာများ(အပိုင်း-၁)
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၃၀	Man U-Middlesbrough	ESPN (Live)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၄၇လမ်းနေ ဦးစိန်ထွန်း(ခ)အာချွန် (အာချွန်ရတနာရွှေဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ တစ်လပြည့်အား ရည်စူးပြီး ဇနီး ဒေါ်ခင်စန်းတင့်၊ သားသမီးမြေးတစ်စုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး ကြိုးပမ်း မြန်မာစာပေတိုးတက်မြင့်မားလာရေး စာပေပညာရှင်များ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇ခုနှစ်အတွက် အမျိုးသား စာပေ ဝတ္ထုတိုပေါင်းချုပ်ဆုရ နေဝင်းမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ စာပဒေသာဆုရ တက္ကသိုလ်စိန်တင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆုရ တင်မောင်မြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ သုသိဏ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ အေးကြည်စိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည် ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ ဒုတိယဆုရ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ပုဂ္ဂလိကစာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ စာပေဆုရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုနှင်းသဘင်အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းက ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ဝမ်းမြောက်ဂုဏ်ယူ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံသူနိုင်ငံသားများသည် သမိုင်းအစဉ်အဆက် စာပေအနုပညာကို အမြတ်တနိုး တန်ဖိုးထားလေးစားခဲ့ကြသည်နှင့်အညီ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များမှ နတ်တော်လကို စာဆိုတော်များအား ဂုဏ်ပြုသည့်လရာသီအဖြစ် သတ်မှတ်ဖော်ကျူးထားသည့်အတွက် နိုင်ငံတကာ အလယ်တွင် ရှားပါးပြီး ထူးခြားသည့်ဝိသေသတစ်ရပ်လည်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို အစဉ်အလာမပျက်ကျင်းပပြီး စာပေပညာရှင်များကို မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုခွင့် ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူရပါသည်ဟု ဦးစွာ ပြောကြားလိုကြောင်း။

စာပေပညာရှင်များသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည့် အမျိုးသားယဉ်ကျေးမှု ရေရှည်တည်တံ့ပြီး နိုင်ငံတကာအလယ်၌ အမျိုးသားရေးဥပဓိရုပ် ထည်ဝါတင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်း စွမ်းဆောင်နေကြသည့် အမျိုးသားရေး အင်အားစုများဖြစ်ကြကြောင်း၊ ခေတ်အဆက်ဆက်၌ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် စာပေပညာရှင်များ၏ဂုဏ်ကျေးဇူးကို ဆင်ခြင်အောက်မေ့ဂုဏ်ပြုနိုင်စေရေး၊ အမျိုးသား စာပေအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ်ကလောင်ရှင်များ ပိုမိုပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် မျက်မှောက်ခေတ် ထူးချွန်စာပေပညာရှင်များကို စာပေဆုများ နှစ်စဉ် ပေးအပ်ချီးမြှင့်လျက်ရှိကြောင်း။

ကြိုးပမ်းအားထုတ်မှု

နှစ်အလိုက် ထုတ်ဝေသည့် မြန်မာစာနယ်ဇင်းများအနေဖြင့် အရေအတွက်အပြင် အရည်အသွေးကောင်းစာပေလက်ရာများလည်း တစ်နှစ်ထက်တစ်နှစ် ပေါ်ထွက်လာလျက်ရှိနေခြင်းသည် မြန်မာစာပေပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနေခြင်းပင် ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက် အားထုတ်မှုများကြောင့် ပြည်ထောင်စုသားတိုင်းရင်းသားများအတွင်းတွင် မှန်ကန်သောတွေးခေါ်မြော်မြင်မှုများ၊ စံပြုအပ်သည့် ကိုယ်ကျင့်တရားများ၊ ပြုကျင့်ဖွယ်နီတိများသည် ဆက်နွယ်ပေါင်းစပ် ပျံ့နှံ့လျက်ရှိနေခဲ့ကြောင်း။

စာပေစွမ်းအား

အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလများတွင် အမျိုးသားစာဆိုများ၊ စာပေပညာရှင်များ၏ စာပေစွမ်းအားဖြင့် စည်းရုံးလှုံ့ဆော်မှုများကြောင့် တိုင်းတစ်ပါးကျူးကျော်နယ်ချဲ့မှုတိုင်းကို ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုဖြင့် ပြန်လည်ရင်ဆိုင်တိုက်ထုတ်နိုင်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းထားနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့အနေဖြင့် ခေတ်မီတိုးတက်လျက်ရှိသည့် သတင်းဆက်သွယ်မှု နည်းပညာ

တွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများဖြင့် သီးခြားရပ်တည်လာခဲ့ကြောင်း၊ ယခုကဲ့သို့ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများဖြင့် ရပ်တည်နေနိုင်ခြင်းသည် မြန်မာ့သမိုင်းကြောင်းနှင့် အတူယှဉ်တွဲ ပေါ်ပေါက်လာခဲ့သည့် မြန်မာစာပေ၏ စွမ်းဆောင်မှုဂုဏ်ရည်များကြောင့်ပင်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စာပေပညာရှင်များ အပါအဝင် နိုင်ငံအကျိုးသယ်ပိုး ရွက်ဆောင်ကြသည့် မျိုးချစ်ပုဂ္ဂိုလ်များ၏ အစဉ်တစိုက်ကြိုးပမ်းရပ်များကို အသုံးပြုပြီး ကမ္ဘာ့နိုင်ငံများအပေါ် နည်းမျိုးစုံဖြင့် လွှမ်းမိုးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံများအဖြစ် ရပ်တည်နေကြသည့်နိုင်ငံများအတွက် အံဝင်ခွင်ကျမဖြစ်နိုင်သော ယင်းတို့၏အတွေးအခေါ်၊ယဉ်ကျေးမှု၊ လူနေမှုစရိုက်များကို အပေါ်ယံတွင် မှန်ကန်မှုရှိသည့်အသွင် ယုံမှားလက်ခံကျင့်သုံးလာစေရေး ဖော်ဆောင်နေကြကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

တစ်နည်းအားဖြင့် နိုင်ငံအသီးသီး၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ် အေးချမ်းမှုများ ပျက်ပြားစေပြီး ၎င်းတို့၏ ဩဇာခံအဖြစ် သိမ်းသွင်းရေးအတွက် သွေးခွဲသပ်လျှို လှုံ့ဆော်မှု နည်းလမ်းများဖြင့် ထိုးဖောက် ကြိုးပမ်းမှုများကို စာပေ၊ အနုပညာနှင့် လူမှုရေး မျက်နှာစာတွင် တာဝန်ယူနေသည့် စာပေပညာရှင်များအနေဖြင့် အမျိုးသားရေးသတိရှိရှိ ကာကွယ်ကြရမှာဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ပြီး တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ထိန်းသိမ်းစောင့်ရှောက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူများ လူနေမှု အဆင့်အတန်းမြင့်မားလာစေရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာစေရေးတို့အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတစ်ဝန်းလုံးတွင် အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်ကို ဆက်ခံတည်ဆောက်နိုင်စွမ်းရှိမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ မြင့်မားတိုးတက်ရေးတို့အတွက်လည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း။

အဓိကတာဝန်

ယခုကဲ့သို့ နိုင်ငံတော်၏ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ **"အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်"** ဆိုသည့် ဆောင်ပုဒ်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် အခြားသော ညီနောင်လူမှုရေးအသင်းအဖွဲ့များနှင့်အတူ လက်တွဲကြိုးပမ်းလျက်ရှိနေသည်ကို တွေ့ရကြောင်း၊ ဤသို့ ကြိုးပမ်းဖော်ဆောင်ကြရာတွင် ပြည်သူများ နည်းပညာ၊ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရေး၊ စိတ်ဓာတ်မြင့်မားစေရေး၊ ပညာပေးအလင်းပြ အမျိုးသားရေး အနှစ်သာရပြည့်ဝသည့် တိုင်းကျိုးပြည်ပြုစာပေများ ပေါ်ထွက်လာရေးသည် ယနေ့စာပေလောက၏ အဓိကကျသည့် တာဝန်ဖြစ်သည် ဆိုသည်ကို ခံယူထားကြရန် လိုအပ်ကြောင်း။

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းကြရာတွင် သတင်းစာဆရာ၊ စာရေးဆရာ စသည့် စာပေပညာရှင်များ၊ ကာတွန်း၊ ရုပ်ပြ၊ ပန်းချီ၊ ဒီဇိုင်းပညာရှင်များ၊ စာအုပ်ထုတ်ဝေဖြန့်ချိသူများ အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း၊စာပေပညာရှင်များအနေဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်အတူ ပြည်ထောင်စုကြီး၏ နယ်မြေ ဒေသအလိုက် ချမှတ် အကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ၊ အမျိုးသားအဆင့် ပညာရေး၊ ကျန်းမာရေး စီမံကိန်းများ အောင်မြင်ရေးအတွက် စာပေစွမ်းအားဖြင့် ပါဝင်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

29-12 (03).pmd 1 12/29/2008, 3:16 AM

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ရဲကား လမ်းဘေးဗုံးထိမှန် တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ကဘူးလ် ဒီဇင်ဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်တွင် ဒီဇင်ဘာ ၂၆ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲကားတစ်စီးအား ထိမှန်ခဲ့သဖြင့် ကားပေါ်တွင် လိုက်ပါလာသူ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ဟယ်လ်မန့်ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပြောကြား

ဟယ်လ်မန့်ပြည်နယ် နဝါဒါဒေသတွင် လုံခြုံရေးရဲကင်းလှည့်နေသည့် ရဲကားမှာ တာလီဘန်အကြမ်းဖက်သမားများထောင်ထားသည့် လမ်းဘေးဗုံးထိမှန်သွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ အက်စ်ဒူလာရှဇက်က ပြောကြားသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင်လည်း အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးသွားခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့က သတင်း ထုတ်ပြန်သည်။ ယင်းအရပ်သားနှစ်ဦးမှာ ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်နေကြသူများ ဖြစ်သည်။

သေဆုံးခဲ့

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သား ၂၀၀၀ကျော်အပါအဝင် လူပေါင်း ၅၀၀၀ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် စားသောက်ဆိုင်တစ်ဆိုင်ကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှု၌ လေးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးလေတပ်မှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား ဆေးရုံသို့အလျင်အမြန် ပို့ဆောင်ရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်၌ အစ္စရေးစစ်လေယာဉ်များပစ်ခတ်တိုက်ခိုက် ပါလက်စတိုင်း ၂၈၅ဦးသေဆုံးခဲ့ရမှု လက်တုံ့ပြန်မည်ဟုဆို

ဂါဇာ ဒီဇင်ဘာ ၂၈

အစ္စရေးစစ်လေယာဉ်များက ဟားမတ်စ်အုပ်စု ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ကို ဒီဇင်ဘာ ၂၇ရက်က ဗုံးကြဲတိုက်ခိုက်သည့်အတွက် အစ္စရေးနိုင်ငံနှင့် ဖြစ်ပွားသည့် နှစ်ပေါင်း ၆၀ကြာ ပဋိပက္ခတွင် ပါလက်စတိုင်းတို့အတွက် သွေးထွက်သံယိုအများဆုံးနေ့ တစ်နေ့ဖြစ်သည်ဟု ဆို၏။

ထိုနေ့က အဆိုပါလေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးရသည့် ပါလက်စတိုင်း ဦးရေမှာ ၂၈၅ဦးရှိသွားပြီ ဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

သန္နိဋ္ဌာန်ချမှတ်

ညဉ့်နက်ပိုင်းအထိ အစ္စရေးလေယာဉ်များက ဆက်လက်တိုက်ခိုက်စဉ် အစ္စရေးနိုင်ငံမှ လက်ဖက်ရည်ဆိုင်များအတွင်းနှင့် လမ်းများအပေါ်တွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှု အပါအဝင် ပါလက်စတိုင်းတို့က လက်စားချေတုံ့ပြန်ရန် ဟားမတ်စ်အုပ်စုက သန္နိဋ္ဌာန်ချမှတ်လိုက်သည်ဆို၏။

ဆက်လက်ဆင်နွှဲ

ထိုးစစ်ဆင် လေကြောင်းတိုက်ခိုက်မှုကို လိုအပ်သမျှဆက်လက်ဆင်နွှဲမည့်အပြင် ထိုးစစ်တွင် ကြည်းတပ်များပါဝင်ကောင်း ပါဝင်နိုင်ကြောင်း အစ္စရေးနိုင်ငံက ကြေညာသည်။

တိုက်တွန်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဂါဇာမှ အကြမ်းဖက်မှုအားလုံး ချက်ချင်းရပ်ရန် တိုက်တွန်းလိုက်သည်။

လေကြောင်းတိုက်ခိုက်မှု

ဂါဇာအပြင်ဘက်တွင် အစ္စရေးသံချပ်ကာကားများ ဖြန့်ကြက်ထားပြီး အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုမှာ ဒီဇင်ဘာ ၂၈ရက် နံနက်သို့တိုင် ဆက်လက်ရှိနေသည်ဟု ဆို၏။

(အင်တာနက်)

ဘာကူဘာ၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

အီရတ်နိုင်ငံ ဘာကူဘာမြို့ အရှေ့ဘက် ဘာလာဒ္ဒုဇ်ဒေသ၌ ဒီဇင်ဘာ ၂၆ရက်က လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဘာကူဘာမြို့ အရှေ့ဘက် အဓိကလမ်းမကြီးပေါ်၌ အီရတ်အမှတ်-၅ခြေလျင်တပ်မှ တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့်ယာဉ်အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ သုံးဦးတွင် နှစ်ဦးမှာ အရာရှိများဖြစ်ကြောင်း အဆွတ်အယ်လ်အီရတ်သတင်း၌ ဖော်ပြသည်။

ပျက်စီး

ထို့ပြင် ယင်းနေ့တွင်ပင် ဘာကူဘာမြို့ မြောက်ဘက်ရှိ အယ်ခါတွန်မြို့၌လည်း ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အနီးအနားရှိ စတိုးဆိုင်သုံးဆိုင်မှာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ယင်းသတင်း၌ ပါရှိသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကားဂိတ်အနီးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ၂၇ရက်က တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှု၌ ၂၂ဦး သေဆုံးပြီး ၅၄ဦး ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ပျက်စီး

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် တာလီဘန်အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ပျက်စီးမီးလောင်သွားခဲ့သော ထရပ်ကားများကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းလက်နက်ကိုင်များ ဒုံးကျည်ဖြင့်ပစ်ခတ် မိန်းကလေးနှစ်ဦးသေဆုံး

ဂါဇာ ဒီဇင်ဘာ ၂၈

ဂါဇာမှ လက်နက်ကိုင်များက အစ္စရေးနိုင်ငံသို့ ချိန်ရွယ်ပစ်သည့် ဒုံးကျည်မှာ လိုရာမရောက်ဘဲ ဂါဇာကမ်းမြောင်မြောက်ပိုင်းသို့ ကျရောက်ပြီး ဒီဇင်ဘာ ၂၆ရက်က ပါလက်စတိုင်း မိန်းကလေးနှစ်ဦး မတော်တဆ ထိမှန်သေဆုံးသွားသည်ဟု ဆေးဖက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာပြင်းထန်

အစ္စရေးနိုင်ငံသို့ မရောက်ဘဲ ဂါဇာကမ်းမြောင် မြောက်ပိုင်းသို့ ကျသည့် အဆိုပါ ဒုံးကျည်ကြောင့် အခြားပါလက်စတိုင်း မိန်းကလေးတစ်ဦး ဒဏ်ရာရသွားသည်။ ဒဏ်ရာမှာ ပြင်းထန်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်အနောက်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်နှင့် အရပ်သားနှစ်ဦးဒဏ်ရာရ

ဟဲရက် ဒီဇင်ဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟဲရက်ပြည်နယ်၌ နိုင်ငံခြားသားတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့်ယာဉ်တန်းအား ဒီဇင်ဘာ ၂၆ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အာဖဂန်နစ္စတန်အရပ်သားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အရာရှိတစ်ဦးက ပြောကြားသည်။

သွေးထွက်သံယိုအများဆုံး

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ် အကြမ်းဖက်တိုက်ခိုက်မှု ပိုများလာသည်။ ၂၀၀၁ခုနှစ်အတွင်းက တာလီဘန်တို့ကိုဖယ်ရှားအပြီး ယခုနှစ်သည် သွေးထွက်သံယိုအများဆုံးအချိန် ဖြစ်သည်ဟု ဆိုသည်။

ဟဲရက်လေဆိပ်မှ ထွက်ခွာလာသည့် ယာဉ်တန်းကို အသေခံကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟုလည်း လုံခြုံရေးအရာရှိ ကာဒါအက်ဟာက ပြောကြားသည်။ ယာဉ်တန်းတွင်ပါသည့် ယာဉ်နှစ်စီးပျက်စီးသွားသည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်ကျေးရွာပေါက်ကွဲမှု အနည်းဆုံး ၃၂ဦးသေဆုံး

ပေကျင်း ဒီဇင်ဘာ ၂၈

တရုတ်နိုင်ငံ အလယ်ပိုင်းဟီနန်ပြည်နယ် ကျေးရွာတစ်ရွာတွင် ဒီဇင်ဘာ ၂၇ရက်စောစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အနည်းဆုံး ၃၂ ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဟီနန်ပြည်နယ် တုန်ကန်ချင်ကျေးရွာ၌ ဒီဇင်ဘာ ၂၇ရက် နံနက် ၁ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် ယာဉ်၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၈

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပေးပညာပေးပြပွဲ၊ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ရက် နံနက် ၉နာရီက နေပြည်တော်မြို့တော်ခန်းမ၌ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဦးတို့က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောကြသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီကငွေကျပ်သိန်း၁၀၀၊ ကေအမ်တီသောက်ရေသန့် ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ထွန်းအောင်က ငွေကျပ် ၁၅သိန်း၊ မြန်မာသီဟကုမ္ပဏီ၊ ရွှေမြို့တော်မော်တော်ယာဉ်လိုင်းနှင့် FISCA ကုမ္ပဏီတို့က ငွေကျပ်၁၀သိန်းစီနှင့် (အဝေးပြေး) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီကငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဝတ္ထုရှည်ပြိုင်ပွဲ

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ဝတ္ထုရှည်ပြိုင်ပွဲတွင် စည်း၏ကမ်းတစ်ဖက် စာမူခေါင်းစဉ်ဖြင့် ပထမဆုရ ဗိုလ်မှူးသန့်ဇင် (ငြိမ်း) (တက္ကသိုလ်မောင်သန့်ဇင်)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ယုံကြည်ခွင့်ပေးပါ စာမူခေါင်းစဉ်ဖြင့် ပထမဆုရ ဒေါ်ယဉ်မျိုးခိုင် (ရွှေဝန်းရံ)၊လမ်းပေါ်မှလက်ဖက်ရည်ခွက်များ စာမူခေါင်းစဉ်ဖြင့် ဒုတိယဆုရ ဦးအေးကို (မောင်အေးကို၊ ပေါင်းတလည်)နှင့် ဘဝဟူသောခရီးလမ်း ဖြတ်သန်းရန်ပင်ဖြစ်တော့သည် စာမူခေါင်းစဉ်ဖြင့်တတိယဆုရဦးဝင်းသိန်း(ကျောင်းဆရာ - ကိုကိုဝင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က ဥပဒေဘောင်တွင်းမောင်းနှင်ခြင်းဘေးကင်းရန်ကွာဒို့ပြည်သာ စာမူခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရဦးဝင်းမြင့်(ရဲရင့်သူရိန် နေပြည်တော်)၊ ဒုတိယဆုရ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)နှင့် တတိယဆုရ ဦးဇော်လင်း(ရဲရဲ-ပျဉ်းမနား) တို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းက 'ခလုတ်မထိဆူးမငြိစေဖို့' စာမူခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်တင်(စိန်ရည်လျှံ)၊ ဒုတိယဆုရ ဦးမောင်သန်း(မောင်သက်နှင်း-မ/ဥ)နှင့် တတိယဆုရဦးမျိုးငွေ(ဝင်းနွယ်၊ သစ်တော)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ်ရဲမှူးချုပ်ဇော်ဝင်းက ကာတွန်းပြိုင်ပွဲတွင် ပထမဆုရ ဦးဇော်မင်း (မင်းဇော်ဦး)၊ ဒုတိယဆု ဦးတင်နီဝင်း (ကိုနီ-ရန်ကင်း)နှင့် တတိယဆုရ ဦးမျိုးမင်းဇော်(မျိုးကိုကိုထက်-နေပြည်တော် ပျဉ်းမနား)တို့အားလည်းကောင်း၊ ဆုများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး မင်းဇော်က အကဲဖြတ် ဒိုင်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များကို ပေးအပ်ရာ ကာတွန်းစိစစ်ရေးအဖွဲ့ဝင်များကိုယ်စား ဦးမောင်ဝင်း(ကာတွန်းမြေဇာ)နှင့် စာမူစိစစ်ရေးအဖွဲ့ဝင်များကိုယ်စား နေပြည်တော် ပျဉ်းမနား စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လွင် (စံကောင်း)တို့က လက်ခံကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည်ဒီဇင်ဘာ ၂၇ရက် နံနက် ၈နာရီတွင် နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာတာဝန်ရှိသူတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ပြခန်းများကို လှည့်လည် ကြည့်ရှုပြီး ရတနာမွန်ခန်းမ၌ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ယာဉ်များဆိုင်ကယ်များနှင့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

Java Professional နှင့် သက်ဆိုင်သည့်သင်တန်းများ Yoma Technologies က သင်ကြားပို့ချမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

Software Engineer တစ်ယောက်ဖြစ်လာစေရန်အတွက် Yoma Technologies ၏ လက်တွေ့Program ရေးသားမှုသင်တန်းက Professional Software ရေးသားခြင်းကို လမ်းပြပို့ချပေးမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်နေသည့် ကျွမ်းကျင်သူများထံမှလေ့လာသင်ယူခြင်းဖြင့် Software Developmentနယ်ပယ်တွင် လုပ်ဆောင်အသုံးပြုလျက်ရှိသည့် နည်းစနစ်အတွေ့အကြုံများကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

YomaTechnologiesသည်လုပ်ငန်း အတွေ့အကြုံ နှစ်ပေါင်းများစွာရှိသည့် British Software Engineer ၏စီစဉ်ညွှန်ကြားမှုဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက်တွင် Programming Course(Java) နှင့် Java Programmer Course တို့ကို လည်းကောင်း၊ ဇန်နဝါရီ ၂၆ရက်တွင် Java Professional Developer Course (Project) ကို လည်းကောင်း ဖွင့်လှစ်သင်ကြား ပေးမည်ဖြစ်သည်။

သင်ကြားပေးမည်

Programming Course (Java) တွင် Computer Programming Concepts၊ Introduction to Programming using Java၊ Programming Logic & Control Structures၊ Recursion and Algorithmsနှင့် Introduction to Object Oriented Programming(OOP) တို့ကိုသင်ကြားပေးမည်ဖြစ်သည်။

Java Programmer Course တွင် Object Oriented Design and UM၊ Core Java/J2SE(Collections, I/O, Inner, Classer, Generics etc)၊ Java Swing API for GUI၊ Exceptions and Exception Handling Techniques၊ Introduction to Relational Databases and SQL နှင့် Java Database Connectivity (JDBC) တို့ကို သင်ကြားပေးမည် ဖြစ်သည်။

Java Professional Developer Course(Project)တွင် Software Development Lifecycle၊Object Oriented System Analysis and Design ၊Software Architectures၊ Component Based Development၊ Software Engineering Best Practicesနှင့် A Practical Software Development Project to Apply all of the Above တို့ကို သင်ကြားပေးမည်။

သင်တန်းတက်ရောက်လိုသူများသည် Yoma Technologies ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင် ၂ အခန်း၃ ဖုန်း-၆၅၂၂၆၄ (လိုင်းခွဲ-၁၅) ၇၀၃၂၃၀၊ ၅၀၃၅၉၉နှင့် Web: www.yomatechnologies. com/training တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လွန်တောင်း-လင်းမြွေချောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့အား မြို့တော်အင်္ဂါရပ်နှင့်အညီ သာယာလှပစေပြီး ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ကန်ပေါင်များ၊သစ်ပင်များ၊မြက်ခင်းများ၊ပန်းအလှအပင်များအား နိုင်ငံတော်ဘဏ္ဍာမှငွေကြေးမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ပေးထားပါသည်။ ၎င်းအပြင် ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာအပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများနှင့် ကန်ပေါင်များတွင် မြက်ခင်းများ၊သစ်ပင်ပန်းခင်းများ၊ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပေးထားပါသည်။

၂။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသောပစ္စည်းများအား နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း စည်းကမ်းမဲ့သော ပြည်သူအချို့က အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ၂၀၀၃-၂၀၀၄ခုနှစ်တွင် တရားခံ(၁၀)ဦးနှင့် ၂၀၀၅-၂၀၀၆ခုနှစ်တွင် တရားခံသုံးဦးတို့အား ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေ ပုဒ်မ-၆(၁)အရ ထိရောက်ပြစ်ဒဏ်ချမှတ်၍ အရေးယူခဲ့ရပါသည်။ သို့ရာတွင် ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ကူးတွင် ပြည်သူများစည်းကမ်းလိုက်နာမှု ကောင်းမွန်သောကြောင့် တစ်ဦးတစ်ယောက်ကိုမျှ အရေးယူခဲ့ရခြင်းမရှိခဲ့ပါ။

၃။ ယခုနှစ်၂၀၀၈-၂၀၀၉ခုနှစ် နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာ့အေးစေတီလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများ၊ ကန်တော်ကြီးဥယျာဉ်နှင့် ပြည်သူလူထုအပန်းဖြေရန်ဆောက်လုပ်ထားသည့် ဥယျာဉ်၊ ပန်းခြံများအား နံနက် ၄နာရီမှ ည ၉နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များတွင်ပိတ်ထားမည်ဖြစ်ပါသည်။

၄။ ထိုနည်းတူ မြို့သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေး လေ့ကျင့်ခန်းများပြုလုပ်နိုင်ရန်ဆောင်ရွက်ထားသည့် အခြားသောနေရာများရှိ ပန်းခြံများ၊ လမ်းများ၊သစ်ပင်များ၊မြက်ခင်းများ၊ပန်းအလှအပင်များ၊ထီးများ၊ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့်ဆိုင်းဘုတ်များ စသည်တို့ကိုလည်း ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံကြီးသားပီသစွာ စည်းကမ်းလိုက်နာခြင်းဖြင့် မြို့သာယာလှပရေးအတွက် ဝိုင်းဝန်းကူညီကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးညှင်း၌ စာပေဟောပြောပွဲကျင်းပ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ဒီဇင်ဘာ ၁၅ရက်က နန်းမား အထကခန်းမ၌ စာပေဟောပြောပွဲကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာချစ်သူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နားထောင်ကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နန်းမား အထက စာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ (ဝဝ၂)

ဟိုပန်၌ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့၌ ၂၀၀၈ခုနှစ် ဒီဇင်ဘာလဒုတိယပတ်လူထုစုပေါင်း လမ်းလျှောက်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့နှင့် အားကစား လှုပ်ရှားမှုကော်မတီအဖွဲ့တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၃ရက်နံနက် ၅နာရီက မြို့လယ်အဝိုင်းစုရပ်၌ ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်ထို၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပေး

ကျိုက်ထိုမြို့နယ်တွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) မြို့နယ်အဆင့် အသိပေးတင်ပြခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာဖုန်းနိုင်က အမျိုးသားကာကွယ်ဆေးတိုက်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

စပါးစံကွက်ရိတ်သိမ်းမှု ကျောက်ပန်းတောင်း၌ဆောင်ရွက်

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ရေသောက်ဒေသတွင် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး၂၃၂၉၉ဧကစိုက်ပျိုးခဲ့ရာ မြို့နယ်အတွင်းရေးမှူး ဦးညီညီလတ်နှင့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ ဒီဇင်ဘာ ၁၈ရက်က ကွင်းဆင်း၍ မိုးစပါးအထွက်နှုန်းစံကွက်ရိတ်သိမ်းမှုကို မြိုင်သာယာရွာ၊ ညောင်သာရွာနှင့် ဒဟတ်ကုန်းရွာတို့၌ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၀၈၁)

ဇီဝဓာတ်ငွေ့သရုပ်ပြပွဲ စစ်တွေ၌ကျင်းပ

သဘာဝစွန့်ပစ်ပစ္စည်းသုံးစွမ်းအင်ထုတ်ဓာတ်ပေါင်းအိုးမှထွက်ရှိသော ဇီဝဓာတ်ငွေ့ အသုံးပြု၍ ထမင်းပေါင်းအိုးနှင့် ဓာတ်ငွေ့မီးဖိုများကိုအသုံးပြု၍ ချက်ပြုတ်နိုင်ခြင်း၊ ဓာတ်ငွေ့သုံးမီးလုံးဖြင့် အလင်းရောင်ရယူနိုင်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် မွန်းလွဲ၁နာရီက စစ်တွေမြို့ရှိ မောင်နီပြင်ကျေးရွာ၌ ကျင်းပခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

ပခုက္ကူ၌ မိခင်နှင့်ကလေးအသင်း ငွေလှူဒါန်း

ပခုက္ကူခရိုင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဒီဇင်ဘာ ၂၁ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော အရန်သားဖွားဆရာမနှစ်ဦးနှင့် သုံးမြွှာပူး မိခင်တို့အား ခရိုင်မိခင်နှင့် ကလေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တေဇာမြတ်ထွေး ဦးဆောင်သောအဖွဲ့ဝင်များက ငွေကျပ် တစ်သောင်းစီနှင့် အာဟာရမုန့်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ (၀၇၀)

ကျေးလက်လမ်းဆောင်ရွက်ပြီးစီးမှု ချောင်းဦး၌ စစ်ဆေး

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်သည် ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၅၉သိန်းဖြင့်ဆောင်ရွက်ထားသည့် လမ်းအရှည်၂ဒသမ၀၃ မိုင်ရှိ ဘလွေ-ကျောက်စစ်ကန်မြေသားလမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ဝမ်းတွင်းမြို့၌ မြေသားလမ်းပြုပြင်ဆောင်ရွက်

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီကာလပျက်စီးခဲ့သော သဲတော- ရိုးဇုံမှ ခရိုင်ချင်းဆက်အမှတ်(၂)လမ်းသို့ ဆက်သွယ်သော မြေသားလမ်းအား ယာဉ်၊ စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၃ရက်က ခေတ္တအမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

မူလတန်းကြိုကျောင်းသားများ ကာယပြိုင်ပွဲ တီးတိန်၌ ကျင်းပ

လူမှုဝန်ထမ်းဦးစီးဌာန တီးတိန်မူလတန်းကြိုကျောင်းတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၃ရက်က မူလတန်းကြိုကလေးများ ကာယစွမ်းရည်ပြိုင်ပွဲကျင်းပရာ ကျောင်းအုပ်ဒေါ်ဥမ္မာဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ့်ခမ်းမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် ၂၀၀၈ခုနှစ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာ ၁၆ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ နောင်စန့်ရပ်ကွပ်အသင်းက ပေါက်နေရပ်ကွက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ပညာရေးကိုမဏ္ဍိုင်ပြုပြီး နိုင်ငံတော်သစ်ကို တည်ဆောက်လျက် ရှိသည့် မျက်မှောက်ကာလတွင် ပြည်သူများ၏ တစ်ဦးချင်း လူမှုဘဝနှင့် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးအတွက် ရပ်ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ထားသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကြိုးပမ်းမှုဖြင့် ကျေးလက် စာကြည့်တိုက်များကိုလည်း ထူထောင်ထားရှိပေးပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူထောင်ထားသည့် ရပ်ရွာပညာပဒေသာဌာနများ၊ ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ပြည်သူများ သိမြင်အသုံးပြုနိုင်ရေး၊ ရေရှည်တည်တံ့ရေး ကြိုးပမ်းနိုင်သည်နှင့်အမျှ စာပေစွမ်းအားဖြင့် နိုင်ငံ့အကျိုးပြု လုပ်ငန်းများတွင်လည်း ပိုမိုလျင်မြန်စွာ အောင်မြင်နိုင်မှာဖြစ်ကြောင်း။

စာပေသည် လူသားတို့၏ လူနေမှုဘဝထဲကို နေ့စဉ် နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေသည့် အမျိုးသားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသွင်တစ်ရပ်ဖြစ်ကြောင်း၊ လူသားတိုင်းသည် ခေတ်စနစ်တိုင်းကို ထိတွေ့လျှောမှုများသည် သက်ဆိုင်ရာ နိုင်ငံနှင့် ပြည်သူလူထုကို မီးမောင်းထိုးပြ၊ လမ်းပြနေသည့် စာပေပညာရှင်များ၏ အရည်အသွေးအပေါ် တည်မှီလျက်ရှိနေကြောင်း၊ သမိုင်းအစဉ်အဆက် ကဗျာ၊ လင်္ကာ၊ စကားပြေ စာပေပုံစံအမျိုးမျိုးမှတစ်ဆင့် မိမိတို့ ဘိုးဘေးများ လက်ဆင့်ကမ်းပေးအပ်ခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို အရိုးပေါ်အရွက်မဖုံးစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရေးသည် စာပေပညာရှင်များအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ဂန္ထဝင်မြောက် မြန်မာ့စာပေ၊ ကမ္ဘာ့စာပေများနှင့် ခေတ်ပြိုင်စာပေများကို မြန်မာစာဖတ်ပရိသတ်များ ရင်းနှီးကျွမ်းဝင်ပြီး အသိအမြင် ကျယ်ပြန့်ရေး၊ ဗဟုသုတကြွယ်ဝစေရေး ကြိုးပမ်းနေကြရန် လိုအပ်ကြောင်း၊ ပြောင်းလဲနေသည့် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များအပေါ် တိုင်းရင်းသား ပြည်သူများအနေဖြင့် အမျိုးသားရေးရှုထောင့်က ဝေဖန်ပိုင်းခြား သိမြင်နိုင်ရေး၊ နေ့စဉ်နှင့်အမျှ တိုးတက်နေသည့် နည်းပညာရပ် အမျိုးမျိုးကို မျိုးဆက်သစ်လူငယ်များ ရယူ တတ်မြောက် အသုံးချရေးတို့သည်လည်း စာပေပညာရှင်များ၏ အစဉ်တစိုက်

တရားသူကြီးချုပ်ဦးအောင်တိုး ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ပထမဆုရ မအေးချမ်း(မြန်မာစာ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖြတ်သန်းရန် မဖြစ်နိုင်ခြင်းကြောင့် သမိုင်းက ဖော်ပြခဲ့သည့် အဖြစ်အပျက်များ၊ သင်ခန်းစာများ၊ စံနှုန်းများကို စာပေကပင် အဓိကထား လေ့လာဖြတ်သန်းရသည့်အတွက် စာပေပညာရှင်များ အနေဖြင့် စာပေရေးသားရာတွင် ပကတိအခြေအနေမှန်ကို အရောင်အသွေး ကင်းစင်စွာ အမျိုးသားရေးအမြင်ဖြင့် ရေးသားဖော်ပြကြရန် လိုအပ်ကြောင်း။

သမိုင်းပေးတာဝန်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အနာဂတ် မြင့်မားတိုးတက်မှု နိမ့်ကျရွေ့ကြိုးပမ်းဖော်ဆောင်မှုအပေါ် မူတည်လျက်ရှိကြောင်း၊ ထို့ကြောင့် စာပေပညာရှင်များ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် မိမိတို့ သယ်ပိုးထမ်းရွက်ကြရမည့် အမျိုးသားရေး တာဝန်များ၏ ကြီးလေးမှုကို အစဉ်အမြဲ သတိပြုကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အမျိုးသား စာဆိုပညာရှင်များ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး ကြိုးပမ်းသွားကြပါ၊ မြန်မာစာပေလောက တိုးတက်မြင့်မားလာ

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ၂၀၀၇ခုနှစ်အတွက် စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရ မောင်စိုးထိုက်(သုံးဆယ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စေရေးအတွက် စာပေပညာရှင်များ အနေဖြင့် စည်းလုံးညီညွတ်စွာ ပိုင်းဝန်းကြိုးပမ်း စွမ်းဆောင် သွားကြပါ၊ အမျိုးသားယဉ်ကျေးမှု မျက်နှာစာတွင် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် အစဉ်အမြဲ ရပ်တည် အားထုတ်သွားကြပါ၊ ဒို့တာဝန် အရေးသုံးပါးကိုဦးထိပ်ထားပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်များ တိုင်းရင်းသားပြည်သူများ အတွင်း ပြန့်ပွားခိုင်မြဲစေရေး အစဉ်အမြဲ ကြိုးပမ်းသွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း) ကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူးဦးမောင်လှိုင်(မောင်ဆွေငယ်)ထံ ဆုပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်

ဆက်လက်၍ ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများဖြစ်ကြသည့် 'တိမ်ယံအိပ်မက် မိုးထက်နဂါး' စာအုပ်ဖြင့် ဝတ္ထုရှည်ဆုရ ဆုငှက်၊ 'အိမ်ကလေး ၁ဖလုံး' စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်ဆုရ နေဝင်းမြင့်နှင့် 'အမေ့အလှပန်းအလှ' စာအုပ်ဖြင့် ကဗျာပေါင်းချုပ်ဆုရ သန်းအောင် (အညာမြေ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသည့် 'ဘွားဦးဖွန်း' စာအုပ်ဖြင့် စာပဒေသာဆုရ တက္ကသိုလ်စိန်တင်၊ 'နံ့ရံ ပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ' စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ စန္ဒာခင်၊ 'မင်္ဂလာ နံနက်ခင်းကလေးကဗျာများ' စာအုပ်ဖြင့် ကလေးစာပေဆုရ မောင်မြင့်ထွန်းနှင့် 'ကြိုးကြာတောင်ပံခတ်သံ' စာအုပ်ဖြင့် လူငယ်စာပေဆုရ လင်္ကာရည်ကျော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ ဆုရရှိကြသည့်'လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသော အမွေ'စာအုပ်ဖြင့် ဘာသာပြန်(သုတ)ဆုရလှိုင်သင်း၊'အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ'စာအုပ်ဖြင့် ဘာသာပြန်(ရသ)ဆုရ တင်မောင်မြင့်၊ 'ရတနာဂီရိနိဒါန်း' စာအုပ်ဖြင့် သုတပဒေသာ (ဝိဇ္ဇာ)ဆုရ မောင်သန်းဆွေ(ထားဝယ်)နှင့် 'ကျေးလက်စီးပွားပြည်သူ့အား' စာအုပ်ဖြင့် သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဒေါက်တာချစ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက 'မြမြစ်နဒီ' စာမူဖြင့် ဝတ္ထုရှည်ပထမဆုရ သုသိဏ်၊ 'ရင်မှာဖြစ်သည့်ချစ်ခြင်းတစ်သစ္စာ'စာမူဖြင့် ဝတ္ထုရှည်ဒုတိယဆုရ မင်းဇေဒါ(ပွင့်ဖြူ)နှင့်'ချိုသောဘဝလှသောပင်လယ်'စာမူဖြင့် ဝတ္ထုရှည်တတိယဆုရ မြေလတ်မင်းလွင်၊ 'ပင်လယ်ခေါ်သံနှင့်အခြားဝတ္ထုတိုများ'စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ သွဲ့ထားညို (သက္ကလ)၊ 'အမေနှင့်နေခဲ့ရသည့် နေ့ရက်များ' စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ခင်လပြည့်ဝန်းနှင့် 'ပင်လယ်ထက်က ရေချိုတစ်စက်နှင့် အခြားဝတ္ထုတိုများ'စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မြတ်နိုးအိမ်(ဖွဲကပင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၇ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိကြသည့် 'တံလျှပ်နယ်မှ တဒင်္ဂများစွာ' စာမူဖြင့် ကဗျာပေါင်းချုပ် ပထမဆုရ အေးကြည်စိန်၊ 'စုန်ရေဆန်ရေစိမ့်စမ်းရေနှင့် အခြားကဗျာများ'စာမူဖြင့် ကဗျာပေါင်းချုပ် ဒုတိယဆုရ ကျော်ဇေယျာလှိုင်(စီးပွားရေးတက္ကသိုလ်)၊ 'အမေနေတဲ့ရွာကလေးနှင့် အခြားကဗျာများ'စာမူဖြင့် ကဗျာပေါင်းချုပ် တတိယဆုရ မောင်နီမှိုင်း(ကျောက်တန်း)၊ 'အောင်ဘာလေထီသမိုင်း'စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ပထမဆုရ ထင်လင်းကျော်၊'ယောလေ့'စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ စောကြူမောင်(ယောမြေ)၊ 'မြန်မာ့သမိုင်းဝင်ခံတပ်များနှင့် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ'စာမူဖြင့်သုတပဒေသာ(ဝိဇ္ဇာပညာရပ်) တတိယဆုရ မောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု ရရှိကြသည့် 'ပို့စ်ဟာဗက် ဆွတ်ခူးပြီးနောက်ပိုင်းဝယ်' စာမူဖြင့် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ပထမဆုရ အောင်စိုး(စိုက်ပျိုး ၁၀၇)၊ 'သိကောင်းစရာ e-Commerce' စာမူဖြင့် သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)၊ ဒုတိယဆုရ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ 'မွေးမြူရေးခြံများကို ခြိမ်းခြောက်နေသော သက်ရှိသက်မဲ့နှင့် သဘာဝဘေးအန္တရာယ်များ' စာမူဖြင့် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) တတိယဆုရ ဂိုးလှမောင်(မြို့မ)၊ 'ဟောဝန်ဟောမာ သတ္တဝါတို့၏နိမိတ်ပုံလွှာ'စာမူဖြင့် စာပဒေသာပထမဆုရ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ 'တစ်ခေတ် တစ်ချိန်က ချင်းရိုးမဆီရောက်ခဲ့စဉ်က' စာမူဖြင့် စာပဒေသာ ဒုတိယဆုရ 'သောင်းညွန့်သစ်နှင့် ကွယ်လွန်ထင်ရှားဆရာ(၁၀၀)၏ အားမာန်များ' စာမူဖြင့် စာပဒေသာတတိယဆုရ အောင်မင်းမြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်တရားသူကြီးချုပ်ဦးအောင်တိုးက ၂၀၀၇ခုနှစ် စာပေ ဗိမာန်စာမူဆု ရရှိကြသည့် 'မြန်မာ့သဘင်မှုအနုပညာနှင့် အသုံးတွင် စကားများ' စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပထမဆုရ မအေးချမ်း(မြန်မာစာ)၊ 'မြန်မာ့ဆိုင်း' စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဒုတိယဆုရ သိန်းသန်းဝင်း(မလှိုင်)၊ 'သုတေသနခရီးသွား ဇေယျာပူရ မှတ်တမ်းများ' စာမူဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ တတိယဆုရ အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)ကိုယ်စား ဦးခင်စိုးနှင့် ဦးဦးလက်ဆောင်ကလေးကဗျာများ စာမူဖြင့် ကလေးစာပေ ပထမဆုရ လူမွန် (ပခုက္ကူ)၊'မင်္ဂလာချိုတေးသံကဗျာများ'စာမူဖြင့် ကလေးစာပေ ဒုတိယဆုရ တက္ကသိုလ်တောသားကိုယ်စား ဦးညွန့်ဟန်၊ 'ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာနှင့် အခြားဝတ္ထုတိုများ' စာမူဖြင့် ကလေးစာပေ တတိယဆုရ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု ရရှိကြသည့် 'အောင်မြေစွန်းရွှန်းသစ်စ အလုနေခြည်'စာမူဖြင့် လူငယ်စာပေ ပထမဆုရ မောင်ကြည်သန့်၊'မြန်မာကမွေး မြန်မာသွေး စွေးစွေးနီ'စာမူဖြင့် လူငယ်စာပေ ဒုတိယဆုရမောင်စိုးထိုက်(သုံးဆယ်)၊ 'အညတရဘဝရေဆန်'စာမူဖြင့် လူငယ်စာပေတတိယဆုရ အောင်ကျော်ဆန်း၊ 'အသိဉာဏ်ပစ္စည်းနှင့် ရိုးရာယဉ်ကျေးမှုဖော်ထုတ်ချက်များ၊ ရိုးရာဓလေ့များ'စာမူဖြင့် ဘာသာပြန် ပထမဆုရ အောင်စိုးဦးနှင့် 'ရင်ခွင်နွေး'စာမူဖြင့် ပြဇာတ်စာပေ ဒုတိယဆုရ ဇင်မင်း(သမိန်ထော)၊'ပိုး'စာမူဖြင့် ပြဇာတ်စာပေတတိယဆုရ မောင်ဆန္ဒ(လယ်ဝေး)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် စာပေဆု ရရှိသူများ ကိုယ်စား ၂၀၀၇ခုနှစ်အတွက် အမျိုးသား

စာမျက်နှာ ၇ ကော်လံ ၁

29-12 (06).pmd 1 12/29/2008, 3:16 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ဓာတ်ပုံများ၊ ဆုရစာအုပ်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

စာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ)ဆုရ ဒေါက်တာချစ်က ကျေးဇူးတင်စကားပြောကြားပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေဆု ရရှိကြသူများ၊ စာပေဗိမာန် စာမူဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

မှတ်တမ်းတင် ဓာတ်ပုံရိုက်အပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာပေဆုရရှိကြသူများ၊ စာပေပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသော စာပေနှင့် ရုပ်ရှင်ထူးချွန်ဆုအနုပညာပြခန်း၌ အမျိုးသား စာပေတစ်သက်တာဆုရရှိသူများ၏ဓာတ်ပုံများ အမျိုးသားစာပေဆု ရပြီးသူများ၏ ဓာတ်ပုံများ၊ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများ၏ ဓာတ်ပုံများ၊ အမျိုးသား စာပေဆုရ စာအုပ်များ၊ ၁၉၅၂ ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားအလိုက် ဆုရရှိကြသူများ၏ ဓာတ်ပုံများ၊ ၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ မှတ်တမ်းဓာတ်ပုံများနှင့် အကယ်ဒမီဆုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ်အတွက် စာပေဆုချီးမြှင့်ခြင်း ခံရသူများနှင့် ဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်များအား ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ ဆုချီးမြှင့်ခြင်းခံရသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၂-၂၀၀၈ ရက်

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၇:၅၀ ၅။ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်**
ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး
ဒါရိုက်တာ-တင်အောင်ရွှေ
(သုတေသီ)
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ ရေဘုတ်ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၄:၃၀ ၄။ မြန်မာစာ မြန်မာစကား
၄:၄၀ ၅။ အကပဒေသာ
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၈။ **အသက်ကလေးရယ်တဲ့ ရှည်စေလို**
ဦးအောင်လွင်၊ ကြည်စိုး၊ မေထွဋ်ခေါင်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး
(ဒါရိုက်တာ-ကြည်စိုး)
၅:၃၀ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ဆိုကြမယ် ပျော်ကြမယ်
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရူပါမင်းနှင့်မာနရှင်** (အပိုင်း-၁၉)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု (စက်မှုအားနှင့်အညီ ရွှေနိုင်ငံသစ်တည်)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၃)
၂၀။ အစီအစဉ်ပြီး၏။

အမျိုးသားစာပေ အောင်ဆုခြွေ

✍ နှုတ်တစ်ရာ စာတစ်လုံးပါတဲ့
စာလုံးတွေ စီသွယ်လို့
ပန်းချီနှယ် အလှတိုးစေဖို့
ကြိုးစား ရှာဖွေပြုလိုက်ပြန်တော့
အမျိုးသားစာပေဆုကိုဖြင့်
သဟာဆွေတစ်စု ရခဲ့ပြီ။

✍ အောင်အတိတ်ရယ်နဲ့
အောင်နိမိတ်ဆောင်ကာတည်တဲ့
အောင်ဌာနီ အောင်ပြည်သားတွေအတွက်
အားတက်မိသည်။

✍ စွမ်းအင်ဖြာ
ကျွမ်းကျင်ရာ လိမ္မာစမြဲပေမို့
အားခဲကာ ပြည့်အကျိုးကိုဖြင့်
သယ်ပိုး စာပေဝန်၌
ကျေပွန်စွာ အမျိုးသားရေး
နိုးကြားသွေး အားမာန်ချီ
ဆွတ်ချူပြီး အောင်ပန်း။

✍ ဝမ်းမြောက်ပါသည်
ကျွမ်းသလောက် စာစီလို့
မြန်မာပြည် သာ စည်ရေးကိုဖြင့်
အလှတွေးကာ နှစ်ဆ ရေးကြစို့ရဲ့
"ဘေးမသန်းတဲ့ စံဌာနီ"
"အေးချမ်းတဲ့ မြန်မာပြည်"
ကမ္ဘာ့အရှည်တည်အောင် မှန်းပါလို့
စာပန်းချီ ကလောင်စွမ်းတွေနဲ့
လမ်းပြသူ ကိုယ်စီဖြစ်ဖို့ရယ် (ကွယ်...)
အားသစ်လိုက်စမ်း။ ။

မြင်းမူမောင်နိုင်မိုး

The Properties of Hardwoods, Identification and its Utilization in Myanmar စာအုပ်ထွက်ရှိ



ရန်ကုန် ဒီဇင်ဘာ ၂၈

ဒေါက်တာသိန်းကြွယ်(Ph.D.) ပြုစုရေးသားသော The Properties of Hardwoods, Identification and its Utilization in Myanmar စာအုပ် Aung Din & Associates က စီစဉ်ပြီး ကျော်ညွန့်ရည်စာပေမှ ထွက်ရှိလာသည်။ **(ဝဲပုံ)**

ဈေးကွက်ဝင် မြန်မာ့သစ်မျိုး ၅၀ နှင့်ပတ်သက်၍ သစ်လုပ်ငန်းနှင့် မကင်းသူတိုင်း သိသင့်သည့် အချက်အလက်အပြည့်အစုံကို အပင်တစ်မျိုးစီအလိုက် ရောင်စုံဓာတ်ပုံများဖြင့် အသေးစိတ် ပြုစုဖော်ပြထားသည်။ သစ်နှင့်ဆက်စပ်လေ့လာလိုသူများအတွက် ရည်ညွှန်းစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

လေ့လာနိုင်

သစ်ပင်တစ်မျိုးစီ၏ ဒေသအမည်၊ သိပ္ပံအမည်တို့နှင့်တကွ ပေါက်ရောက်ပျံ့နှံ့ရာအရပ်၊ သစ်၏အရည်အသွေးနှင့် ဂုဏ်သတ္တိများ၊ အဏုကြည့်မှန်ဘီလူးဖြင့် တွေ့ရှိရသည့် အသွင်အပြင်များနှင့် အသုံးဝင်ပုံများကို အလွယ်တကူလေ့လာနိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။

ဝယ်ယူနိုင်

မြန်မာနိုင်ငံရှိ ကမ္ဘာပေါ်တွင် အကြီးဆုံး သက်ရှိကျွန်းပင်ကြီး၏ ပုံဖြင့် နိုင်ငံတကာအဆင့်မီ ပုံနှိပ်ထုတ်ဝေထားပြီး စောင်ရေကန့်သတ် ထုတ်ဝေထားသဖြင့် လိုအပ်သူများ e-mail:aungdin@ yangon. net. mm သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးအောင်၊ ပြည်သူတို့၏ လူနေမှုဘဝ ပြည့်စုံလုံခြုံလာအောင် ကြိုးပမ်း နိုင်ငံတော်အပိုင်းကသာမက ဒေသခံပြည်သူများကလည်း အားထုတ်လုပ်ကိုင်သွားရန်လို

● ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ မုန်တိုင်းသင့်လူနေအိမ်များနှင့် ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေနှင့် ဖျာပုံတံတားပတ်ဝန်းကျင် အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား သီရိအဏ္ဏဝါခန်းမ၌ မြို့နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့နယ်၏ လူဦးရေ၊ ရပ်ကွက်ကျေးရွာများတည်ရှိမှုအခြေအနေ၊ မုန်တိုင်းဒဏ်ကြောင့် မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်မှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ မုန်တိုင်းတိုက်ပြီးချိန်ကာလအခြေအနေနှင့် ယခုအခြေအနေနှိုင်းယှဉ်ချက်များ၊ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ နွေစပါးစိုက်ပျိုးလျက်ရှိသည့် အခြေအနေ၊ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် ကျေးရွာလူနေအိမ်များထူထောင်နေမှု၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) စသည့်အဖွဲ့အစည်းများ၊ Save the Children၊ (World Vision)၊ Care International in Myanmar၊

ကဒုံကနီကျေးရွာ လူနေအိမ်များကို တွေ့ရစဉ်။
(သတင်းစဉ်)

IOM၊ PACT Myanmar စသည့် အစိုးရမဟုတ်သော အပြည်ပြည် ဆိုင်ရာ လူမှုရေးအဖွဲ့များက ထောက်ပံ့ကူညီမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဖျာပုံမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုး ရိတ်သိမ်းနေမှုနှင့် နွေစပါးလျာထားချက် ပြည့်မီအောင်စိုက်ပျိုးရန် စီမံဆောင်ရွက်ထားရှိမှု

ကျောင်းဆောင်သစ်

ဘိုကလေးမြို့နယ် ကဒုံကနီ ကျေးရွာ မူလတန်းကျောင်းဆောင် သစ်ကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

အခြေအနေ၊ လေဘေးဒဏ်ကြောင့် ချွတ်ယွင်းပျက်စီးမှုများကို ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းလင်းမှာကြားရာ၌ ယခုအခါ မုန်တိုင်းသင့်ခဲ့သော ဒေသများ၏ အခြေအနေသည် များစွာတိုးတက်လျက် ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့မှုများကြောင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီ စောင့်ရှောက်ရေးအပိုင်းတို့ကို နိုင်နင်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကပ်ရောဂါအသွင်ဆောင်သည့် ကူးစက်ရောဂါများ မဖြစ်ပွားရအောင်လည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြောင်း၊ ထို့အတူ ပြန်လည်နေရာချထားရေးအပိုင်းကို ဆောင်ရွက်လျက်ရှိသည်မှာလည်း အရှိန်အဟုန်ရရှိလျက်ရှိကြောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ လူနေအိမ်

❖ မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်း အားထုတ် ခဲ့မှုကြောင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ကူညီ ေ ရေး အပိုင်းတို့ကို နိုင်နင်းအောင်မြင်စွာ ဆောင်

❖ ကပ်ရောဂါအသွင်ဆောင်သည့် ကူးစက်ရောဂါ ရအောင်လည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့။

❖ ဧရာဝတီတိုင်းသည် ရေမြေသယံဇာတပေါကြ တိုင်းကြီး တစ်တိုင်းဖြစ်ရာ ယင်းသယံဇာတနှင့် ပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ လုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ကြိုးစားသွားကြ

ယာရေး
ဥက္ကဋ္ဌ
းစီးချုပ်
မြို့နယ်
ရောက်
င်းနှီးနှီး
င်းစဉ်)

ဒုံကနီ
ဆောင်
းစဉ်)

ဝန်းကြိုးပမ်း အားထုတ်ဆောင်ရွက်
ရေးနှင့်ထောက်ပံ့ကူညီ စောင့်ရှောက်
နှင်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့။

င်သည့် ကူးစက်ရောဂါ မဖြစ်ပွား
ပိမ်းစောင့်ရှောက်နိုင်ခဲ့။

ရေမြေသယံဇာတပေါကြွယ်ဝသော
ရာ ယင်းသယံဇာတနှင့် လုပ်အားကို
်လုပ်မှုတိုးတက်အောင်၊ စီးပွားရေး
အောင် ကြိုးစားသွားကြရမည်။

များ၊ Cyclone Shelter များ တည်ဆောက်ရေးအပိုင်း၊ လမ်းသစ်များဖောက်လုပ်၍ လမ်းကွန်ရက်ထူထောင်ရေးအပိုင်းတို့ကို ယခုပွင့်လင်းရာသီ၌ အချိန်မီပြီးစီးအောင် ဖိဖိစီးစီးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းစသည့် မုန်တိုင်းကြောင့် ထိခိုက်ခဲ့သော ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးလျက်ရှိသည်မှာလည်း မူလအနေအထားသို့ ပြန်လည်ရောက်ရှိသင့်သလောက် ရောက်ရှိနေပြီဖြစ်ကြောင်း၊ စီးပွားရေးအခြေအနေများ ပုံမှန်မူလအခြေအနေသို့ အမြန်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

မိမိတို့၏ရည်မှန်းချက်မှာ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသည် မုန်တိုင်းမတိုက်မီ အခြေအနေထက်ပို၍ ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်

ဖြစ်ရာ၊ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအပိုင်းတို့ကို နိုင်ငံတော်စီမံကိန်းတစ်ရပ်ဖြစ်၍ စနစ်တကျလုပ်ကိုင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဝိုင်းဝန်းကူညီ

ဧရာဝတီတိုင်းသည် ရေမြေသယံဇာတပေါကြွယ်ဝသော တိုင်းကြီးတစ်တိုင်းဖြစ်ရာ ယင်းသယံဇာတနှင့် လုပ်အားကိုပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင်၊ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာအောင် ကြိုးစားသွားကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်းပြီး လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူဟုဆိုရာ၌ စီးပွားရေးလုပ်ငန်းရှင်များလည်းပါရှိကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံရပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လုပ်ငန်းရှင်များအပါအဝင် နိုင်ငံတစ်ဝန်းမှ ပြည်သူများအားလုံးက ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ တစ်ဦးနှင့်တစ်ဦး ထောက်ထားစာနာသည့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာ ဝိုင်းဝန်းကူညီခဲ့ကြကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ယခုကဲ့သို့ ပေါင်းစည်း၍ ဒေသဖွံ့ဖြိုးအောင်၊ လူတစ်ဦးချင်း ဝင်ငွေ တိုးတက်သည်ထက် တိုးတက်အောင်၊ ပြည်သူတို့၏ လူနေမှုဘဝ ပြည့်စုံလုံခြုံလာအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ဤနေရာ၌ နိုင်ငံတော်အပိုင်းကသာမက ကာယကံရှင် ဒေသခံပြည်သူများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ဘိုကလေးမြို့

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ ဖျာပုံ-ဘိုကလေး ကားလမ်းအခြေအနေနှင့် သီးနှံစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။ ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကျေးရွာစာကြည့်တိုက်

ကဒုံကနီ ကျေးရွာစာကြည့်တိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြေပြုပြင်

ဘိုကလေးမြို့နယ် ကဒုံကနီ ကျေးရွာတွင် လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) များကို ဆောက်လုပ်ရန်အတွက် စက်ယန္တရားများဖြင့် မြေပြုပြင်နေစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် မုန်တိုင်းတိုက်ခတ်မှုဒဏ်မှ ပြန်လည်ပြုပြင်တည်ဆောက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ဘိုကလေးမြို့နယ် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အနီးကပ်တာဝန်ယူကြီးကြပ်လျက်ရှိသော ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁သို့*

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ လူနေအိမ်များ အကွက်ချတည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ၌ လူနေအိမ်များ အကွက်ချတည်ဆောက်ထားမှုကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းသို့ ရှင်းလင်းတင်ပြရာ၌ ဘိုကလေးမြို့နယ်၏ အကျယ်အဝန်း၊ မုန်တိုင်းတိုက်ခတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုများ အခြေအနေ၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှု၊ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး စိုက်ပျိုးရိတ်သိမ်းထွက်ရှိမှုအခြေအနေ၊ နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ လက်တွန်းထွန်စက်၊ စက်သုံးဆီ၊ ကျွဲ၊ နွားဖြည့်ဆည်းထောက်ပံ့မှုအခြေအနေ၊ ရေငန်တား တမံများ ပြုပြင်ပြီးစီးမှုအခြေအနေ၊ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုနှင့် မျိုးစုဆောင်းထားရှိမှုအခြေအနေ၊ မီးဖိုချောင်သီးနှံများ ပျိုးထောင်စိုက်ပျိုးမှုအခြေအနေ၊ ကြက်၊ ဘဲ၊ ဝက်မွေးမြူရန် ဖြန့်ဖြူးပေးမှုအခြေအနေ၊ ငါးဖမ်းလှေ၊ ငါးဖမ်းပိုက်ဖြန့်ဖြူးမှု အခြေအနေ၊ လေဘေးသင့် စာသင်ကျောင်းများ ပြုပြင်ပြီးစီးမှု အခြေအနေ၊ ဆန်စက်များနှင့် ငါးပုံဟာလာစက်များ ပြန်လည် လည်ပတ်ကြိတ်ခွဲထုတ်လုပ်နေမှု အခြေအနေ၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ထားနိုင်မှုများ၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ လမ်းဖောက်လုပ်ပြီးစီးမှု၊ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) များ ဆောက်လုပ်ရန် စီမံထားမှု၊ သစ်တော၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးရန် စီမံထားမှု၊ ဘိုကလေးမြို့နယ်အတွင်း နိုင်ငံခြားသံတမန်များ၊ INGO အဖွဲ့အစည်းများနှင့် အာဆီယံကိုယ်စားလှယ်များ လာရောက်လေ့လာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မှာကြားလမ်းညွှန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ဒေသ၏အခြေခံကျသော စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို မူလအခြေအနေအတိုင်း အပြည့်အဝပြန်လည်ဖွံ့ဖြိုးလာရေး၊ မီးဖိုချောင်သုံး သီးနှံများကို အိမ်ထောင်စုအလိုက် စားသုံးမှုဖူလုံအောင် စိုက်ပျိုးရာ၌ ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက်ပါ ထည့်သွင်း တွက်ချက် ရယူနိုင်သည့် ထုတ်လုပ်မှုအခြေခံကိန်းဂဏန်းများဖြစ်လာစေရေး၊ ကျေးလက်လူနေအိမ်ရာများ၊ Cyclone Shelter များ အချိန်မီဆောက်လုပ်ပြီးစီးရေး၊ မြို့နယ်တွင်းလမ်းများ ဖောက်လုပ်ရာ၌ **"လမ်းဖြစ်" "မြောင်းဖြစ်" "ခိုလှုံရာ တာပေါင်များအဖြစ်"** ဖောက်လုပ်ရေး၊ ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင်ရေးတို့အတွက် မှာကြားလမ်းညွှန်သည်။

ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဇရာဝတီတိုင်း ဘိုကလေးမြို့မှ ကဒုံကနီကျေးရွာသို့ ထွက်ခွာလာခဲ့ရာ၌ စက်ဆန်း၊ ကျုံကဒွန်း၊ ကုလားထိပ်၊ ဒေါ်ငြိမ်း၊ နောက်မြီး၊ ဆိပ်မ၊ အမာ စသည့် ကျေးရွာများ၏ ဖွံ့ဖြိုးမှုအခြေအနေ၊ စက်ဆန်း-ကျုံကဒွန်းလမ်း၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းများ ဖောက်လုပ်ထားရှိမှု၊ ဆန်စပါးနှင့် အခြား ဆောင်းသီးနှံများ ဖြစ်ထွန်းနေမှု၊ ဒီရေတောနှင့် လေကာပင်များတည်ရှိနေမှု အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ကြိုဆိုကြသည်။

နှုတ်ဆက်အားပေး

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကဒုံကနီကျေးရွာ ပြန်လည်ထူထောင်တည်ဆောက်ထားမှုများ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ၊ ထူးထရေးဒင်းကုမ္ပဏီတို့က တည်ဆောက်ထားသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့် ဒေသခံများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဒေသဖွံ့ဖြိုးရေးနှင့် နောင်ကာလများတွင် သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင်ရေး အရံအတားနှင့် ခိုလှုံရန်နေရာများတည်ဆောက်မည့် အစီအမံများကိုလည်းကောင်း၊ ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌက Cyclone Shelter တည်ဆောက်မည့်ပုံစံနှင့် မြေပြုပြင်ရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်းတို့က ဆိုင်ကလုန်းအကာအကွယ်အဆောက်အအုံ တည်ဆောက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ပင်လယ်နှင့် နီးကပ်ထိစပ်နေသော ဒေသများ၌ Cyclone Shelter များ၊ ရုံးအဆောက်အအုံများ ဆောက်လုပ်ရာတွင် မုန်တိုင်းဒီရေနှင့်စပ်လျဉ်း၍ သတိပြုသင့်သော အချက်များ၊ ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိစ္စများကို ရှင်းလင်းမှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကဒုံကနီကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒေသခံကျေးရွာသူ ကျေးရွာသားများက ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ကဒုံကနီကျေးရွာ ကျေးလက်ဆေးပေးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ကဒုံကနီကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ လမ်းကြောင်းတစ်လျှောက်ရှိ ဇရော၊ ကြိမ်ချောင်းကြီးနှင့် လှိုင်းဘုန်းကျေးရွာများ၏ အခြေအနေ၊ ကျေးရွာလူနေအိမ်များ အကွက်ချတည်ဆောက်ထားမှု၊ ကြိမ်ချောင်း-ကဒုံကနီလမ်း ဖောက်လုပ်ပြီးစီးမှုတို့ကိုလည်းကောင်း၊ ဒီရေတောနှင့် လေကာရေကာတောတန်းများကိုလည်းကောင်း ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုပြီး ညနေ၃နာရီ မိနစ်၅၀တွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နှစ် ၆၀ ခံနိုင်ရည်ရှိ ကွန်ကရစ်ဇလီဖားတုံး တစ်ရက်ပျမ်းမျှ ၆၀၀ တစ်နှစ်ပျမ်းမျှနှစ်သိန်းနှင့် သံလမ်းထိန်းကလစ်များပါထုတ်လုပ်နိုင်သည့်

ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ) တည်ဆောက်ဖွင့်လှစ်

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ)တွင်ကွန်ကရစ် ဇလီဖား ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ရှိ အဆိုပါစက်ရုံဥပစာရှေ့၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက် အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့၌ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ တစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်သွားလာနိုင်မည့် ရထားလမ်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ဖောက်လုပ်နေရာတွင် စက်ရုံက ထွက်ရှိသည့် ကွန်ကရစ် ဇလီဖားများသည်လည်း တစ်ထောင့် တစ်နေရာကနေ အားဖြည့်ပါဝင်နိုင်မှာ ဖြစ်သည့်အတွက် ဤစက်ရုံကြီးသည် မိမိတို့ မွန်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် တည်ရှိနေမှာ ဖြစ်ကြောင်း။

အလွန်အရေးပါ

နိုင်ငံတော်အကြီးအကဲက **"လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ ဒေသတစ်ခုစီရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလည်း တိုးတက်ကောင်းမွန်လာမှာ ဖြစ်ကြောင်း၊ ဒေသတစ်ခုနဲ့ တစ်ခု အပြန်အလှန် ဆက်သွယ်သွားလာနိုင်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေး အတွက်သာမက တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယနေ့ ကွန်ကရစ်ဇလီဖား စက်ရုံကြီး ဖွင့်လှစ်နိုင်ခြင်းသည် လမ်းပန်းဆက်သွယ်မှုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရထားလမ်း ဖောက်လုပ်ခြင်း၌ လိုအပ်သော ဇလီဖားများကို ထုတ်လုပ်ပေးနိုင်မှာဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အထောက်အကူပြုမည့် စက်ရုံတစ်ခုဟု ဆိုရမှာ ဖြစ်ကြောင်း။

တက်ညီလက်ညီ

နိုင်ငံတော်၏ စေတနာထား ဆောင်ရွက်မှုများအပေါ် မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကလည်း မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် ဤစက်ရုံကို ၁၅-၇-၂၀၀၇ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့ဖွင့်လှစ်နိုင်သည့်အတွက် တည်ဆောက်ချိန် တစ်နှစ်နှင့် ငါးလကြာမြင့်ခဲ့ကြောင်း။

အစားထိုးသုံးစွဲ

သစ်သားဇလီဖားသည် သက်တမ်း သုံးနှစ်ဖြစ်ပြီး ခံနိုင်ရည် တစ်စတုရန်းလက်မတွင် ပေါင်၈၀၀ ဖြစ်ကြောင်း၊ ကွန်ကရစ်ဇလီဖားသည် သက်တမ်း နှစ် ၆၀ဖြစ်ပြီး ခံနိုင်ရည် တစ်စတုရန်းလက်မတွင် ပေါင်၇၀၀၀ဖြစ်ကြောင်း၊ ကွန်ကရစ်ဇလီဖားသည် သစ်သား ဇလီဖားထက် သက်တမ်းအားဖြင့် အဆ ၂၀၊ ခံနိုင်ရည်အားဖြင့် ကိုးဆဖြစ်၍ သစ်သားဇလီဖားတုံးများအစား ကွန်ကရစ်ဇလီဖားတုံးများ အစားထိုး သုံးစွဲနိုင်ရေးကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း။

တိုးတက်လာမည့် ရထားလမ်းသစ်များအတွက်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး နှစ်သိန်းစီထုတ်လုပ်နိုင်မည့် ကွန်ကရစ်ဇလီဖား စက်ရုံသုံးရုံကို စစ်ကိုင်းတိုင်း ခင်ဦးမြို့၊ မကွေးတိုင်း ပခုက္ကူမြို့နှင့် ပဲခူးတိုင်း ဥသျှစ်ပင်မြို့တို့၌ ထပ်မံတည်ဆောက်လျက် ရှိကြောင်း။

မြန်မာ့မီးရထားအနေဖြင့် ကွန်ကရစ်ဇလီဖားစက်ရုံ (မြစ်ငယ်)၊ ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)တို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး၊ ယနေ့ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ)ကို ဖွင့်လှစ်နိုင်သည့်အတွက် ကွန်ကရစ် ဇလီဖားစက်ရုံ စုစုပေါင်း သုံးရုံကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးရဲကျော်ယျက ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ) တည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကွန်ကရစ်ဇလီဖား ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အားသွန်ခွန်စိုက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိ သံလမ်းအရှည်မိုင် ၄၂၈၈ ဒသမ ၉မိုင်ရှိကြောင်း သိရသည်။

ပိုမိုတိုးတက်

တစ်မိုင်လျှင် ဇလီဖားတုံး ၂၁၇၆တုံး ခင်းကျင်းရပြီး စုစုပေါင်း ဇလီဖားတုံး ၉၃၃၂၆၄၆တုံး လိုအပ်သည်။ သစ်သား ဇလီဖားတုံး၏ ခံနိုင်ရည်မှာ အခြားသားဖြစ်လျှင် အနည်းဆုံး သုံးနှစ်တစ်ကြိမ် လဲလှယ်ရန်လိုအပ်၍ တစ်နှစ်လျှင် ဇလီဖားတုံး သိန်း၃၀ လဲလှယ်ရန် လိုအပ်ကြောင်း၊ ကွန်ကရစ်ဇလီဖား အသုံးပြုခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ပြီး ခံနိုင်ရည်အား ပိုမိုတိုးတက်လာကြောင်း သိရသည်။

ထုတ်လုပ်

ယခု ဖွင့်လှစ်လိုက်သည့် ကွန်ကရစ် ဇလီဖားစက်ရုံ (မုတ္တမ)မှာ ၈ ဒသမ ၈၀ ဧက ကျယ်ဝန်းပြီး နှစ်၆၀ခံနိုင်ရည်ရှိ ကွန်ကရစ်ဇလီဖားတုံး တစ်ရက်ပျမ်းမျှ ၆၀၀နှင့် တစ်နှစ်ပျမ်းမျှ နှစ်သိန်းထုတ်လုပ်နိုင်ကာ သံလမ်းထိန်းကလစ်များပါ ထုတ်လုပ်နိုင်သည်။

ရေနွေးငွေ့ပေါင်း ကန်ရှစ်ကန်ရှိကာ ကန်တစ်ကန်လျှင် ကွန်ကရစ်ဇလီဖားတုံး ၇၀ပေါင်းနိုင်ပြီး ရေစစ်ကန် ၁၄ကန်တွင် တစ်ကန်လျှင် ကွန်ကရစ်ဇလီဖားတုံး ၆၀၀ ရေစိမ်နိုင်ကြောင်း သိရသည်။

အထောက်အကူပြု

ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ) ဖွင့်လှစ်နိုင်ခြင်းဖြင့် ကွန်ကရစ်ဇလီဖားများကို ပဲခူး-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်း တစ်လျှောက်ရှိ သစ်သားဇလီဖားများနေရာတွင် အစားထိုးလဲလှယ်ခြင်းနှင့် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။ ထပ်မံဖောက်လုပ်မည့် ထားဝယ်-မြိတ် ရထားလမ်းပိုင်းတွင်လည်း အသုံးပြုသွားမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်မှန်ကန် မြန်ဆန်ရေးကို အထောက်အကူပြုသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ် ဟားခါးတွင် အအေးပို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၌ မိုးအနည်းငယ်ရွာဖွယ်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

ဒီဇင်ဘာ ၂၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင်(-၂)ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လားရှိုးမြို့တွင် ၀ဒသမ၂၄လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၀ ဒသမ၂၀ လက်မတို့ ဖြစ်သည်။

ဒီဇင်ဘာ၂၉ရက် **(ယနေ့)**ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၉ရက် **(ယနေ့)**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

သာသာယာယာ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဖိုလ်လုပွဲယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဖိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

တတိယနေရာလုပွဲအဖြစ် တပ်မတော်(လေ)အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့သည် ဒီဇင်ဘာ ၃၀ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖိုလ်လုပွဲအဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ဒီဇင်ဘာ ၃၁ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့၊ အမှတ်(၆)ရပ်ကွက်၊ ၂လမ်းနေ
(ဦးကျင်)-ဒေါ်ခင်ကြည်တို့၏ သား

ဒေးဗစ်ထွန်း

နှင့်

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့၊ ဒဂုံမန်းလမ်းနေ
ဦးစံထွေး-ဒေါ်စန်းစန်းတို့၏ သမီး

မဇင်မာဦး

တို့သည် ၂၂-၁၂-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

ဒေးဗစ်ထွန်းနှင့် မဇင်မာဦး။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အဖွဲ့ဝင်များ ပြည်ပပို့ သဘာဝဓာတ်ငွေ့ရောင်းချရေးနှင့် ဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(စွမ်းအင်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဓမ္မစေတီလမ်း၊ ခြံအမှတ်-၁၀၁(စီ)နေ
ဦးဇော်ဝင်း(ဦးစီးအရာရှိ၊ငြိမ်း၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-
ဒေါက်တာမေတင်မောင်(မြွေနှစ်ကောင်ဆေးတိုက်နှင့်
ဟံသာအေး တိုင်းရင်းဆေးဝါးလုပ်ငန်း)နှင့်
M.D (May Fair Inn) တို့၏ သားဦး

မောင်လင်းအောင်ဇော်

B.E (Chemical) (YTU), General Manager (MAY FAIR INN)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ ခြံအမှတ် ၁၁ နေ
ဦးဝင်းမောင်-ဒေါ်ငွေးကြည်တို့၏ တစ်ဦးတည်းသော သမီး

မမာလာဝင်း

B.C.Sc (Q) (University of Computer Studies, Yangon)
B.A (Economics) (U.D.E)

တို့၏ ၂၁-၁၂-၂၀၀၈ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်အား လည်းကောင်း၊ တိုင်းရင်းဆေးသမားတော်ကြီးများအား လည်းကောင်း၊ ၁၉၆၄ခုနှစ် ဆေးတက္ကသိုလ်ရောက် သူငယ်ချင်းဆရာဝန်များနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဌာနဆိုင်ရာ လူကြီးမင်းများ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဗဟိုနှင့် ရန်ကုန်ဇုန်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လင်းအောင်ဇော် - မမာလာဝင်း။

ပြည်ပပို့ သဘာဝဓာတ်ငွေ့ ရောင်းချရေးနှင့် ဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited၊ GAIL (India) Limited နှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Gas Corporation တို့ ပါဝင်သော ရောင်းချသူများနှင့် ဝယ်ယူသူ China National United Oil Corporation တို့သည် ပြည်ပပို့ သဘာဝဓာတ်ငွေ့ရောင်းချရေးနှင့် ဝယ်ယူရေး သဘောတူစာချုပ် (Export Gas Sales and Purchase Agreement, Shwe Project, Myanmar) လက်မှတ်ရေးထိုးပွဲကို ဒီဇင်ဘာ ၂၄ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Key-Chong Park၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Guan Mu၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌ Mr. Jae-Yong Kim၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌ Mr. Liao Yongyuan နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ Daewoo International Corporation ဥက္ကဋ္ဌMr.Jae-Yong Kim၊ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌ Mr.Liao Yongyuan တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အပြန်အလှန်လဲလှယ်

ဆက်လက်၍ ပြည်ပပို့ သဘာဝဓာတ်ငွေ့ ရောင်းချရေးနှင့်ဝယ်ယူရေး သဘောတူစာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ Daewoo International Corporation ဥက္ကဋ္ဌ Mr.Jae-Yong Kim၊ ONGC Videsh Limited ဒုတိယဥက္ကဋ္ဌ Mr. Sharad Terway၊ Korea Gas Corporation အမှုဆောင် Mr. June-Sun Kil၊ China National United Oil Corporation ဥက္ကဋ္ဌ Mdm.Wang Lihua နှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်မှတ်ရေးထိုးကာ သဘောတူစာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယခုလက်မှတ်ရေးထိုး ချုပ်ဆိုသည့် သဘောတူစာချုပ်သည် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-1နှင့် A-3 ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ စီးပွားဖြစ်တွေ့ရှိထားသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းသွယ်တန်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောင်းချသွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

လီဗာပူးတို့နိုင်ပွဲရပြီး ထိပ်ဆုံးက ဦးဆောင်မြဲ ချယ်လ်ဆီးတို့ အဝေးကွင်း၌ သရေပွဲကြုံ

လန်ဒန် ဒီဇင်ဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ကို ဒီဇင်ဘာ ၂၈ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးတို့ အဝေးကွင်း၌ နယူးကာဆယ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တန်းစီဇယားထိပ်ဆုံးက ဦးဆောင်မြဲ ဦးဆောင်လျက်ရှိနေသည်။

တိုက်စစ်အတွဲဖြင့် လီဗာပူး နောက်တန်းကို ထိုးဖောက် ကစားနိုင်ခဲ့သော်လည်း ကန်ချက်များ မမှန်မှုနှင့် လီဗာပူးဂိုးသမားရီးနာ လက်စွမ်းပြ ကာကွယ်နိုင်၍ နယူးကာဆယ်တို့ ချေပဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအတွက် အဖွင့်ဂိုးကို ၃၁မိနစ်၌ ဘီနာယောင်က နယူးကာဆယ်ဂိုးရှေ့ ဖြတ်ပေးလိုက်သည့်ဘောလုံးကို ဂျရတ်က ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။ လီဗာပူးတို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၃၆မိနစ်၌ ဂျရတ် ဂိုးရှေ့ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို လီဗာပူးနောက်ခံလူ ဟက်ပီယာက ခေါင်းတိုက်သွင်းယူ၍ ဒုတိယဂိုး ရရှိခဲ့သည်။ နယူးကာဆယ်အတွက် ချေပဂိုးကို ၄၅မိနစ်၌ ဒေးဗစ်အိဒ်ဂါက သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ လီဗာပူး

နယူးကာဆယ်နှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးအတွက် စတုတ္ထမြောက်ဂိုးကို ဂျရတ် ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

နယူးကာဆယ်နှင့် လီဗာပူး

ပွဲတိုင်းခြေစွမ်းပြနေသော လီဗာပူးတို့ ဘီနာယောင်၊ ဘာဘယ်၊ ဒရက်ကွတ်နှင့် ဂျရတ်တို့အားကိုးဖြင့် နယူးကာဆယ်ဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့် ၂၂ကြိမ်ရပြီး အပိုင်ကန်သွင်းခွင့် ၁၂ကြိမ်အထိ ရရှိခဲ့သည်။ သို့သော် နယူးကာဆယ်ဂိုးသမားဂင်းဗင်းက အပိုင်ကန်သွင်းမှုခုနစ်ကြိမ်ကို ကာကွယ်နိုင်ခဲ့၍သာ ငါးဂိုး အသွင်းခံခဲ့ရခြင်း ဖြစ်သည်။ နယူးကာဆယ်တို့ကလည်း ဒပ်ဖ်နှင့် အိုဝင်တို့က မိနစ် ၅၀၌ ဘာဘယ်က တစ်ဂိုး၊ ၆၆မိနစ်၌ ဂျရတ်က တစ်ဂိုး၊ ၇၆မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အလွန်ဆိုက တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နည်းပြ ဘင်နီတက်ဇ် အိမ်အပြန် မျက်နှာပန်းလှခဲ့ခြင်း ဖြစ်သည်။

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

ဖူလ်ဟမ်ကွင်း၌ ချယ်လ်ဆီးတို့ မမျှော်လင့်ဘဲ သရေပွဲ ကြုံတွေ့ခဲ့ရသည်။ ဒရော့ဘာနှင့် ဂျိုကိုးလ်အပြင် မာလူဒါကို ထည့်သွင်း ကစားခဲ့သော်လည်း ပွဲချိန် ၁၀မိနစ်၌ ဖူလ်ဟမ် ညာတောင်ပံ ကစားသမား ဒမ်ပဆေးက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ ချယ်လ်ဆီးက မာလူဒါအစား အနယ်လ်ကာ၊ဂျိုကိုးလ်အစား ကာလူးတို့ကို အစားထိုးပြီးကစားစေခဲ့ရာ မိနစ်၅၀၌ လမ်းပတ်က ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ အနယ်လ်ကာ၊ ဒရော့ဘာတို့၏ အပိုင်ကန်သွင်းမှု ခြောက်ကြိမ်ကို ဖူလ်ဟမ်ဂိုးသမား မာ့ရှဝါဇာ ကာကွယ်ပေးနိုင်ခဲ့သဖြင့် ချယ်လ်ဆီးတို့ ဂိုးများ မရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ၇၂မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် လမ်းပတ် ဂိုးရအောင် သွင်းယူနိုင်ခဲ့သည်။ နှစ်ဂိုး-တစ်ဂိုးဖြင့် ချယ်လ်ဆီးတို့ ဦးဆောင်နေသော်လည်း ၈၉မိနစ်၌ ဖူလ်ဟမ်ကစားသမား ဒမ်ပဆေးကပင် ခေါင်းတိုက်သွင်းယူခဲ့ရာ နှစ်ဂိုးစီ သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ကြရသည်။

အာဆင်နယ်နှင့် ပို့စ်မောက်

အိမ်ကွင်း၌ အာဆင်နယ်တို့ ပို့စ်မောက်ကို အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ သို့သော် အာဆင်နယ် တိုက်စစ်မှူးများဖြစ်သည့် အဒီဘာယောနှင့် ဘင့်တနာတို့က အပိုင်ကန်သွင်းခွင့် သုံးကြိမ်သာ ရရှိခဲ့သည်။ ပီတာခရော့ချ်ဦးဆောင်သော ပို့စ်မောက် တိုက်စစ်မှူးများက ရသည့်အခွင့်အရေးကို အပြည့်အဝ အသုံးချနိုင်အောင်ကြိုးစားသော်လည်း ၈၁မိနစ်၌ အာဆင်နယ်နောက်တန်းခံစစ်မှူးဂါးလက်စ်က ခေါင်းတိုက်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် အာဆင်နယ်တို့ ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၀-၁	**ဝီဂန်**
အဲဗာတန်	၃-၀	**ဆန်းဒါးလန်း**
ဝက်စ်ဘရွန်း	၂-၀	**စပါး**
ဝက်စ်ဟမ်း	၂-၁	**စတုတ်**

(ကိုးကား-အင်တာနက်)

အားကစားမှတ်စု
မောင်ချစ်ကြည်

မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲ ကျေးဇူးတင်လွှာ

စင်ကာပူနိုင်ငံနေ(ဦးကျန်းထွန်းတို့ခ်)-ဒေါ်တန်လျန်ကီးတို့၏သားထွေး

မောင်ကျန်ဒေါင်ချန်း (Zhan Dao Qiang)

Diploma in Electronics & Computer Eng, Ngee Ann Polytechnic
Snr E.A SHOWA DENKO HD Singapore Pte Ltd. နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးရဲမြင့်ဖေ(စာတည်းမှူးချုပ်၊ မြန်မာ့အလင်း)-ဒေါ်စန်းစန်းဝေ(အလက-၂၊ဒဂုံ)
တို့၏ သမီးကြီး

မမေခိုင်လင်း

B.Eng(Electronics) Nanyang Technological University,Singapore
Diploma in Elec, Comp & Comm Eng, Nanyang Polytechnic
Engineer, TECH SEMI CONDUCTOR Pte Ltd. Singapore

တို့၏ ၂၇-၁၂-၂၀၀၈ရက်နေ့က ဒဂုံမြို့နယ်၊ စံကားဝါလမ်း တိပိဋကကျောင်းတော်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသော ဧည့်ပရိသတ်အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ကျန်ဒေါင်ချန်း-မမေခိုင်လင်း

မင်္ဂလာဦးဆုတောင်း

မောင်ဇင်မောင်မောင် နှင့် **မဝင်းနန္ဒာကျော်** တို့၏

၂၈-၁၂-၂၀၀၈ ရက် မင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ချစ်ခင်ကြင်နာစွာဖြင့် အောင်မြင်ခြင်းများစွာကို ရင်ဝယ်ပိုက်၍ အတူတကွ လျှောက်လှမ်းနိုင်ကြစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

နှစ်ဖက်မိဘများ - (ဗိုလ်မှူးဖေမြင့်)-ဒေါ်ခင်မာတင့်
ဦးကျော်ဝင်း-ဒေါ်စန်းစန်းဝင်း
မောင်လေး - အောင်ပြည့်ကျော်
Technical Specialist
Hewlett Packard, Singapore.
ညီမလေး - မေသန္တာကျော်
System Analyst
Singcomm Technology
Pte Ltd., Singapore.

ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် မှတ်တမ်းတင်ရုပ်ရှင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးဆောင်စီစဉ်မှုဖြင့် ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်အဖြစ် "မြောက်ဒေသက နာနူ"(Nanook of the North) ဇာတ်ကား မှတ်တမ်းတင်ရုပ်ရှင်ပြသပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပရာ ဧည့်ပရိသတ်များအား **"မြောက်ဒေသက နာနူ"** ဇာတ်ကား မှတ်တမ်းတင်ရုပ်ရှင်ကို ပြသသည်။

မှတ်တမ်းတင်ထား

'မြောက်ဒေသက နာနူ'ဇာတ်ကားကို ဇာတ်ညွှန်း၊ ဓာတ်ပုံ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာ ရောဘတ်ဂျေဖလက်ဟာတီက ၁၉၂၀ပြည့်နှစ်ခန့်တွင် ကနေဒါနိုင်ငံ မြောက်ဘက်ရှိ အက်စကီးမိုး လူမျိုးများနေထိုင်ရာ ဒေသသို့ စွန့်စွန့်စားစား သွားရောက်ရိုက်ကူးခဲ့ပြီး မှတ်တမ်းတင်ထားသော ရုပ်ရှင်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မြိတ်မြို့၊ သန်းဖိုရပ်၊ တောကျောင်းလမ်း၊ အမှတ် ၃၉၀ နှင့်
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ဣန္ဒြိတံအိမ်ရာ S.H(II)401 နေ
ဦးလှဝင်း-ဒေါ်မြစိန် တို့၏သားကြီး၊
ကိုအောင်အောင် B.A (History)-မစန်းစန်းချို B.Sc (Hons;) Zoology တို့၏မောင်

မောင်မျိုးထိုက် B.A (I.R)
Information Processing Systems Engineer (Tokyo, Japan)
Electrical Design Engineer (Fullcat Technology Co., Ltd Japan.)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ တိုက်အမှတ် ၁၄၊ ပထမထပ်နေ
ဦးမောင်မောင်(အမှုဆောင်အင်ဂျင်နီယာ M.E.P.E၊ ငြိမ်း)-ဒေါ်ခင်ဆွေ တို့၏သမီးကြီး

မခိုင်ချို့ဇင်မောင်မောင် B.Sc (Physics)
A.G.T.I (Machine Tools & Design),
Management Information Business (Tokyo, Japan)

တို့၏ ၉-၃-၂၀၀၈ရက်တွင် Oriental Kitchen Restaurant Takadano ba ba (Tokyo, Japan) တွင်ကျင်းပသောမင်္ဂလာ ညှော်ခံပွဲအခမ်းအနားတွင် ကြွရောက်ပေးကြသော မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ ၂၇-၁၂-၂၀၀၈ရက်တွင် Western Park Royal ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးမြင့်စိုးနှင့်ဇနီး ဒေါ်ခင်ခင်စိန်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော သီလဝါကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ကြူနီလာဦး၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ တေးဂီတတီးခတ်ပေးပါသော CUPID အဖွဲ့၊ မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယို၊ ဓာတ်ပုံ ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မယွန်းပိုးဖြူ၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မရွှေဇင်စုမောင်မောင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မသူဇာနွယ်၊ မင်္ဂလာအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးထိုက်-မခိုင်ချို့ဇင်မောင်မောင်

ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၃) နဝမတန်း(ဓ)မှ မောင်ဆန်းထွန်းအောင်၊ သတ္တမတန်း(ဂ)မှ မသူဇာထွန်းနှင့် ကွန်ပျူတာတက္ကသိုလ် မုံရွာ ပထမနှစ်မှ မမျိုးသန္တာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းဖြစ်ပါကြောင်း။

ဦးတင်ဝင်း ၅/ရဘန(နိုင်)၀၈၈၄၄၉







တစ်ဦးတည်းဖြစ်ပါကြောင်း

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်းနေ ဦးစောထွန်းထွန်းအောင်၏ သားကျော်ထက်အောင် (ခ) စောကျော်ထက်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဥတ္တရာသီ တောကိုမှီ၏

တက်လမ်းဆောက်လုပ်ရေးမှ နှစ်သစ်ကူးအထူးအစီအစဉ်ဈေးရောင်းပွဲတော်
(၂၉-၁၂-၂၀၀၈) မှ (၁၀-၁-၂၀၀၉) အတွင်းသာ
(၁၅% မှ ၄၀%)လျှော့၍ ဦးစားပေးနှုန်းဖြင့် ရောင်းချပေးမည်
၁၅% မှ ၄၀% လျှော့၍ ဦးစားပေးနှုန်းဖြင့် ရောင်းချပေးပါမည်။
China Town Condo (2400 sq ft)
Shop House, Duplex
PANDA ELECTRONIC & AIR-CON SERVICE CENTRE
FOREVER
EAC
7DAY SPORTS journal
လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

လမိုင်းကျင်း-အင်းဝန်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်

ကလော ဒီဇင်ဘာ ၂၈

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော လမိုင်းကျင်း - အင်းဝန်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဒီဇင်ဘာ၃ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာမှလုပ်ငန်းပြီးစီးမှုအခြေအနေများကိုရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင် တာ နက် သ တင်း အ တို အ ထွာ

- **အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောက လာမည့်နွေရာသီ၌ အသင်းပြောင်းရွှေ့ရန် ကြိုးစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။**
- လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပြင်သစ်နှင့် ပေါ်တူဂီနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သို့ တင်ပြလိုက်သည်။
- **မန်ယူအသင်းသည် ဖီဖာကလပ်ကမ္ဘာ့ဖလားကို ယခုနှစ်ပထမဆုံးဖလားအဖြစ် ရယူနိုင်ခဲ့ပြီးနောက် အက်ဖ်အေဖလားပါရယူသွားမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ပေါလ်စခိုးက ပြောကြားသည်။**
- ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဟိုလီဖီးက မိမိအနေဖြင့် မကြာမီက ပြိုင်ဘက်ကိုရှုံးပွဲကြုံခဲ့သော်လည်း ဟဲဗီးဝိတ်ချန်ပီယံပြန်ယူရေး မလျှော့တမ်းကြိုးစားသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။
- **ချယ်လ်ဆီးနည်းပြ စကိုလာရီက ယခုနှစ်၌ ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ဖလားများအနက် အနည်းဆုံး ဖလားတစ်ခု ရယူပေးမည်ဟု ကလပ်ပိုင်ရှင် အီဗရာမိုဗစ်ကို အခိုင်အမာပြောကြားလိုက် သည်။**
- မိမိအနေဖြင့် အာရှလူငယ်များ ဘောလုံးကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးလိုသောဆန္ဒရှိကြောင်း၊ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု သုံးကြိမ်ရရှိခဲ့သည့် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက ထုတ်ဖော်ပြောကြားသည်။

ဘီလာရုစ်နိုင်ငံ၏တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု
ဘာစီလိုနာကွင်းလယ်ကစားသမားဟဲဘ်ရရှိ

ဘာစီလိုနာ ဒီဇင်ဘာ ၂၈

ဘီလာရုစ်နှင့် ဘာစီလိုနာကွင်းလယ်ကစားသမား အလက်ဇန္ဒားဟဲဘ်အား ဘီလာရုစ်နိုင်ငံ၏ ၂၀၀၈ခုနှစ် တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ကြောင်း ဘီလာရုစ်အားကစားအဖွဲ့ချုပ်က ဒီဇင်ဘာ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၇နှစ်အရွယ် ကွင်းလယ်ကစားသမား ဟဲဘ်သည် အာဆင်နယ်မှ ပြီးခဲ့သည့် နွေရာသီက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဖော်ပြ

ထို့အတူ အက်ဖ်စီဘိုရီဆော့ဗ်အသင်း နည်းပြ ဗစ်တာဂွန်ချာရင်ကိုအား ဘီလာရုစ်နိုင်ငံ၏ ၂၀၀၈ခုနှစ် တစ်နှစ်တာအကောင်းဆုံးနည်းပြအဖြစ် ရွေးချယ်လိုက်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဖာဒီနန် ဒဏ်ရာရသဖြင့် ပွဲစဉ်အချို့နှင့် လွဲမည်

လန်ဒန် ဒီဇင်ဘာ ၂၈

မန်ယူနောက်တန်းခံစစ်မှူးဖာဒီနန်သည် ကျောရိုး ဒဏ်ရာရရှိမှုကြောင့် သီတင်းနှစ်ပတ်ခန့်အနားယူရ ဖွယ်ရှိကြောင်း မန်ယူကလပ်က ဒီဇင်ဘာ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

အနားယူ

စတုတ်အသင်းနှင့်ဒီဇင်ဘာ ၂၆ရက်က ကစားခဲ့သောပွဲ၌ ဖာဒီနန် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဖာဒီနန်၏ဒဏ်ရာသည် အချိန်မရွေး ပြန်လည်ဖြစ်ပေါ်နိုင်သည့် ဒဏ်ရာဖြစ်သဖြင့် အနားယူရမည်ဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

ထို့ကြောင့် မန်ယူအနေဖြင့် မစ်ဒယ်ဘရော့နှင့် ကစားရမည့်ပွဲ၌ ဖာဒီနန်ကစားနိုင်ဖွယ်မရှိကြောင်း၊



ထို့အတူအက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲအဖြစ် ဆောက်သမ်ပတန်နှင့်ပွဲလည်း လွဲဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တိုက်စစ်မှူးဘယ်လာမီအား စပါးခေါ်ယူမှု ဝက်စ်ဟမ်းအသင်းက ပယ်ချ

လန်ဒန် ဒီဇင်ဘာ ၂၈

ဝေလနှင့်ဝက်စ်ဟမ်းတိုက်စစ်မှူး ဘယ်လာမီကို စပါးအသင်းကပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းပေး၍ ခေါ်ယူရန် ကမ်းလှမ်းမှုကို ဝက်စ်ဟမ်းအသင်းက ဒီဇင်ဘာ ၂၇ရက်၌ပယ်ချလိုက်သည်။

အသက် ၂၉နှစ်အရွယ်တိုက်စစ်မှူး ဘယ်လာမီသည် ရောင်းရန်အစီအစဉ်မရှိသည့် တိုက်စစ်မှူးဖြစ်ကြောင်း၊ မိမိတို့အသင်းအတွက် အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်ကြောင်း ဝက်စ်ဟမ်းကလပ်က အကြောင်းပြန်ခဲ့သည်။

ပြောကြား

ဘယ်လာမီသည် ၂၀၀၇ခုနှစ်က ပြောင်းရွှေ့ကြေး ပေါင် ၇ဒသမ၅သန်းဖြင့် လီဗာပူးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ မိမိအနေဖြင့် တိုက်စစ်မှူးအများအပြားထဲမှ ဘယ်လာမီကိုသာ ခေါ်ယူလိုကြောင်း စပါးနည်းပြ ရက်ပ်နက်က ပြောကြားသည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်

အာစင်ဝင်းဂါးရဲ့ အနာဂတ် မရေရာခဲ့ပြီလော····

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၁၉)အဖြစ် ဗီလာနဲ့အာဆင်နယ်တို့ ကစားခဲ့တဲ့ပွဲမှာ ကွင်းလယ်ဒိုင်လူကြီး လီမာဆင်ရဲ့လုပ်ရပ်နဲ့ ပတ်သက်ပြီး အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက အင်္ဂလန်အားကစားအဖွဲ့ချုပ်ကို တရားဝင်တိုင်ကြားစာ ပေးပို့လိုက်ပြီဖြစ်ပါတယ်။

ရင်ဆိုင်

အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းနိုင်ပွဲတွေ ရရှိအောင် ခက်ခက်ခဲခဲ ကြိုးစားနေရချိန်မှာ အမှားအယွင်း တစ်စုံတစ်ရာမဖြစ်အောင် ဗီလာနဲ့ပွဲကို ကြိုတင်ပြင်ဆင်ခဲ့ရပါတယ်။ ပရီမီယာလိဂ်ဖလားနဲ့ အလှမ်းဝေးရတော့မယ့်အနေအထားမှာ ပွဲတိုင်းအမှတ်ပြည့်ရဖို့ အမာခံကစားသမားတွေကို အကုန်ထုတ်ကစားနေရတဲ့ အနေအထားမှာ ဖိအားတွေအများကြီးရင်ဆိုင်နေရပါတယ်။

ဗီလာကွင်းမှာ ကစားတဲ့အာဆင်နယ်နဲ့ပွဲမှာ အာဆင်နယ်တို့က နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နေခဲ့ပါတယ်။ ခြေစွမ်းအရလည်း အိမ်ရှင်ဗီလာကို အာဆင်နယ်တို့ ဖိကစားနိုင်ခဲ့ပါတယ်။ တစ်ဦးချင်းရော အသင်းလိုက်ကစားပုံအရ အာဆင်နယ်တို့ အနိုင်ရမယ်လို့ အာစင်ဝင်းဂါး ယုံကြည်နေခဲ့ပါတယ်။

ဒါပေမယ့် ပထမပိုင်းပွဲအပြီးမှာ ဗီလာဘောလုံးသမားတွေ အဝတ်လဲခန်းအတွင်းအထိ သွားရောက်ပြီး ကွင်းလယ်ဒိုင် လီမာဆင်က စကားတွေပြောဆိုခဲ့တယ်လို့ အာစင်ဝင်းဂါးက အခိုင်အမာပြောနေပါတယ်။ ဒိုင်လူကြီးတွေအနေနဲ့ ဘောလုံးသမားတွေရဲ့အဝတ်လဲခန်းအထိလိုက်ပြီး စကားပြောဆိုဆွေးနွေးမှုတွေ လုံးဝမပြုလုပ်ရဘူးလို့ တားမြစ်တဲ့စည်းကမ်းရှိပါတယ်။ ဒီစည်းကမ်းကို ဒိုင်လူကြီးလီမာဆင် ဖောက်ဖျက်ခဲ့တယ်လို့ အာစင်ဝင်းဂါးရဲ့ တိုင်ကြားစာထဲမှာ ရေးသားထားပါတယ်။

တိုင်ကြား

ဗီလာနဲ့အာဆင်နယ်တို့ ဒုတိယပိုင်ကစားတဲ့အခါမှာ အာဆင်နယ်ကစားသမားတွေမလှုပ်နိုင်အောင် ဒိုင်လူကြီးလီမာဆင်ကိုင်တွယ်ခဲ့ပြီး ဗီလာကစားသမားတွေကို သာသာထိုးထိုး မျက်နှာပေးခဲ့တဲ့အပြင် ပယ်နယ်တီပါပေးခဲ့တယ်လို့ အာစင်ဝင်းဂါးက တိုင်ကြားစာထဲမှာ ရေးသားခဲ့ပါတယ်။ ဒါကြောင့် ဗီလာတို့က နှစ်ဂိုးဆက်တိုက် ချေပဂိုးတွေသွင်းယူနိုင်ခဲ့ပြီး သရေပွဲအဖြစ် ရောက်ရှိစေခဲ့ခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီရလဒ်ဟာ မဖြစ်သင့်တဲ့ ရလဒ်ဖြစ်လို့ ဒိုင်လူကြီးလီမာဆင်မှာ တာဝန်ရှိတယ်လို့ အာစင်ဝင်းဂါးက ရေးသားထားပါတယ်။

အာစင်ဝင်းဂါးရဲ့ ဒီဇင်ဘာ ၂၇ရက်ကပေးပို့တဲ့တိုင်ကြားစာကို အက်ဖ်အေက အခုထိစုံစမ်းစစ်ဆေးဖို့ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်သေးပါဘူး။ တကယ်တော့ အာစင်ဝင်းဂါးတိုင်ကြားစာထဲမှာ ဖော်ပြသလို ဒိုင်လူကြီးလီမာဆင်က ဗီလာဘောလုံးသမားတွေ အဝတ်လဲခန်းအထိ သွားရောက်ခဲ့တာမှန်ပါတယ်။ ဒါပေမယ့် ဗီလာကစားသမားတွေ ကြမ်းကြမ်းတမ်းတမ်းနဲ့ မကစားဖို့ တားမြစ်ခဲ့တာလို့ ဒိုင်လူကြီးလီမာဆင်က ဖြေရှင်းခဲ့ပါတယ်။

ကျဆင်း

ဒီပွဲရလဒ်နဲ့ပတ်သက်ပြီး အာဆင်နယ်အသင်း အမှုဆောင်တွေကတော့ နည်းပြအာစင်ဝင်းဂါးအပေါ်ပဲ ဝေဖန်ပြစ်တင်နေကြပါတယ်။ အာစင်ဝင်းဂါးဟာ အသင်းအပေါ် ကိုင်တွယ်မှုစွမ်းရည်တွေကျဆင်းနေပြီလို့ သုံးသပ်နေကြပါတယ်။

အာဆင်နယ်အသင်းဟာ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့ပြီးနောက်ပိုင်းမှာ ဖလားနဲ့အလှမ်းဝေးခဲ့ပါတယ်။ ၂၀၀၅- ၂၀၀၆ ဘောလုံးရာသီမှာ စတုတ္ထ၊ ၂၀၀၆-၂၀၀၇ မှာလည်းစတုတ္ထနဲ့ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ တတိယချိတ်နိုင်ခဲ့လို့ အာဆင်နယ်အသင်းပိုင်ရှင်မိုယက်စ်စိတ်ထဲမှာ မကြည်မလင်ဖြစ်နေတယ်လို့ဆိုပါတယ်။

အာဆင်နယ်အသင်းပိုင်ရှင်များက ဖိအားပေးခံနေရသော နည်းပြအာစင်ဝင်းဂါး။ (အင်တာနက်ဓာတ်ပုံ)

ရှန်းကန်ကြိုးစား

ဒီနှစ်မှာလည်း ပရီမီယာလိဂ်ဖလား ရယူဖို့မလွယ်ကူသလို အကောင်းဆုံး ငါးသင်းစာရင်းဝင်အောင် ရှန်းကန်ကြိုးစားရတော့မယ့်အခြေအနေနဲ့ ကြုံတွေ့နေရပါတယ်။ အာဆင်နယ်အသင်းအမှုဆောင်တွေကတော့ အသင်းမှာ ကစားဖော်တွေ အချင်းချင်းစိတ်ဝမ်းကွဲနေမှုကို အာစင်ဝင်းဂါး မဖြေရှင်းနိုင်ဘူးလို့ သုံးသပ်နေပါတယ်။ ဂါးလက်စ်ကြောင့်ဖြစ်ပေါ်နေတဲ့ ကစားသမားအချင်းချင်းဆက်ဆံရေး ပြိုအက်နေတာကို အခုထိမရှင်းနိုင်သေးဘူးလို့ ဆိုပါတယ်။

အဆိုးရွားဆုံးကတော့ အသင်းမှာ ကစားသမားကောင်းတွေကို ရေရှည်မထိန်းသိမ်းနိုင်ခြင်းပဲ ဖြစ်ပါတယ်။ အခုလည်း ဖာဘရီဂတ်စ်က လာမယ့်နွေရာသီမှာ အသင်းပြောင်းရွှေ့မယ်လို့ နည်းပြအာစင်ဝင်းဂါးကို အတိအလင်းပြောကြားထားတယ်လို့ ဆိုပါတယ်။

စောင့်ကြည့်

အသင်းရလဒ်တွေ ဆက်လက်ဆိုးရွားနေမယ်ဆိုရင်တော့ အာစင်ဝင်းဂါးရဲ့အနာဂတ်ဟာ အာဆင်နယ်မှာတော့ ပီပီပြင်ပြင်ရှိနိုင်မှာ မဟုတ်ဘူးလို့ စကားသံတွေ ထွက်ရှိနေတာမို့ အာစင်ဝင်းဂါးရဲ့အနာဂတ် အပြောင်းအလဲကို စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါကြောင်း။ ॥

ရော်ဘီကိန်းနှင့် ပတ်သက်၍ သံသယရှိစရာမလို လီဗာပူးလက်ထောက်နည်းပြ ဆမ်မီလီပြောကြား

လီဗာပူး ဒီဇင်ဘာ ၂၈

လီဗာပူးတိုက်စစ်မှူး ရော်ဘီကိန်းသည် လီဗာပူးက ဘော်လ်တန်အား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် လီဗာပူးလက်ထောက်နည်းပြ ဆမ်မီလီက ကိန်း၏ လီဗာပူးအသင်းအား ကူညီခဲ့မှုကို ချီးမွမ်း ပြောကြားလိုက်သည်။

သွင်းယူနိုင်ခဲ့

ကိန်းသည် ယခုနွေရာသီတွင် လီဗာပူးသို့ ကြေးကြီးကြီးဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် နေရာရရန် နောက်ဆုံး ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ယခုအခါ နောက်ဆုံးနှစ်ပွဲ ကစားရာတွင် သုံးဂိုး သွင်းယူနိုင်ခဲ့ပြီ ဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ၁၃ရက်က ဟူးလ်စီးတီးနှင့် အိမ်ကွင်း၌ သရေကျသောပွဲစဉ်တွင် ၎င်းအား အရန်ထိုင်ခုံ၌ ထိုင်စေခဲ့သည့်အပြင် လူစားလဲအသုံးပြုခြင်းမရှိသည့်အတွက် ထိုစဉ်က အိုင်ယာလန်လက်ရွေးစင်၏ အနာဂတ်နှင့် ပတ်သက်ပြီး အစဖော်ပေးသကဲ့သို့ဖြစ်ပြီး မေးခွန်းထုတ်စရာများ ဖြစ်ပေါ်ခဲ့သည်။ **(အင်တာနက်)**

ဒူးဒဏ်ရာကြောင့် မာတင်လော်ဆင် လေးပတ်အနားယူရဖွယ်ရှိ နည်းပြမာတင်အိုနေးလ် ပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၈

အက်စ်တွန်ဗီလာအသင်းခေါင်းဆောင် မာတင်လော်ဆင်သည် ဒူးဒဏ်ရာရရှိခဲ့မှုကြောင့် သီတင်းလေးပတ်ခန့် အနားယူရဖွယ်ရှိကြောင်းနည်းပြမာတင်အိုနေးလ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဒိန်းမတ်လက်ရွေးစင် အဓိကကွင်းလယ်ကစားသမားလော်ဆင်သည် ပြီးခဲ့သည့်သီတင်းပတ်က ဝက်စ်ဟမ်းနှင့်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာကြောင့် ဒီဇင်ဘာ ၂၆ရက်က အာဆင်နယ်နှင့် နှစ်ဂိုးစီ သရေကျခဲ့သောပွဲစဉ်တွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ **(အင်တာနက်)**

တာတိုအပြေးချန်ပီယံဟောင်း ကင်မ်ကောလင်း စကော့တလန်တွင် ပွဲဦးထွက်ယှဉ်ပြိုင်မည်

လန်ဒန် ဒီဇင်ဘာ ၂၈

ကမ္ဘာ့မီတာ၁၀၀ ပြေးခုန်ပစ် ချန်ပီယံဟောင်း ကင်မ်ကောလင်းသည် ၂၀၀၉ခုနှစ် ဇန်နဝါရီ၃ရက်တွင် စကော့တလန်နိုင်ငံတောင်ပိုင်း ဂလပ်စကိုမြို့ ကယ်လ်ဗင်အားကစားခန်းမ၌ ကျင်းပမည့်အဗီဗာ နိုင်ငံတကာအားကစားပြိုင်ပွဲတွင် မီတာ ၆၀နှင့် မီတာ ၂၀၀ပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပွဲစဉ်သည် အသက်၃၂နှစ်ရှိ ကင်မ်ကောလင်းအတွက် စကော့တလန်တွင် ပထမဆုံးပါဝင်ယှဉ်ပြိုင်မည့် ပွဲစဉ်ဖြစ်သည်။ တာတိုအပြေးသမားကင်မ်ကောလင်းသည် ဩဂုတ်လတွင် ကျင်းပမည့် ကမ္ဘာ့ချန်ပီယံပြိုင်ပွဲအတွက် ကြိုတင် ပြင်ဆင်လျက်ရှိသည်။ **(အင်တာနက်)**

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် အကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အမျိုးသားအဆင့် ပညာရေး၊ ကျန်းမာရေးစီမံကိန်းများ အောင်မြင်ရေး စာပေစွမ်းအားဖြင့် ပါဝင်ကြိုးပမ်း

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိကြသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့သမိုင်းအဖွဲ့ဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် *စာမျက်နှာ ၃ ကော်လံ ၁* *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း) ကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင်(မောင်ဆွေငယ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီးဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)အား ဆုတံဆိပ်နှင့်ဆုငွေများကို နေအိမ်သို့ သွားရောက်ပေးအပ်မည်

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၀၇ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင်ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)သည် ကျန်းမာရေးအခြေအနေအရ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ယူနိုင်ခြင်း မရှိပါသဖြင့် ဆရာကြီး၏ကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင် (မောင်ဆွေငယ်)က ဆုကိုလက်ခံရယူသည်။

အိမ်တိုင်ရာရောက်

ဆရာကြီးအားချီးမြှင့်သော ဆုတံဆိပ်နှင့် ဆုငွေကို သက်ဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်မြို့ရှိ ၎င်း၏နေအိမ်သို့ အိမ်တိုင်ရာရောက် သွားရောက်၍ ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**